# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 14 October 2026 ၁၂၃၃၁





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

နေပြည်တော် အောက်တိုဘာ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ထားဝယ်မြို့ရှိ ပုလဲကေရီခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✣

## ယနေ့ဖတ်စရာ


**မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၆

**အာဆီယံရေးရာကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၈

**ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်**

စာမျက်နှာ » ၉

**ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ....**

ဆောင်းပါး စာမျက်နှာ » ၁၀


## ပုသိမ်-ဟင်္သာတ-ကြံခင်း မီးရထား ပုံမှန်ပြန်လည်ပြေးဆွဲမည်




ကြံခင်း အောက်တိုဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဝဲန်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားသည့်အတွက် ရေဖြတ်သန်းစီးဆင်းမှုကြောင့် ကျုံပျော်မြို့နယ်အတွင်းရှိ ရထားလမ်းပိုင်းအချို့ ရေကျော်မှုဖြစ်ပွားခဲ့သဖြင့် ပုသိမ်-ကြံခင်း (အစုန်၊ အဆန်) ရထားခရီးစဉ်ပြေးဆွဲမှု ယာယီရပ်ဆိုင်းထားခဲ့ရာ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪**

## ကော့ကရိတ်မြို့နယ်၌ သမဝါယမအသင်းသားများ၏ တစ်နိုင်တစ်ပိုင် ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ကော့ကရိတ် အောက်တိုဘာ ၁၃**

ကရင်ပြည်နယ် အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယမန်နေ့နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများသည် ကော့ကရိတ်မြို့နယ် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**






# ပြည်သူအားလုံးသက်တမ်းစေ့နေနိုင်ရေး ရောဂါဘယကင်းဝေးရေးကြိုးပမ်း

ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်အသီးသီးမှ မွေးထုတ်ပေးလိုက်သော ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၂ ရက်နေ့က ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့် စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက် အကောင်းဆုံးအသုံးချကြရန် တိုက်တွန်းပြောကြားသည်။

နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် "မိမိတို့၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုကို အစဉ်အမြဲမြှင့်တင်နေကြရန်လိုကြောင်း၊ လူနာများကို ကုသမှုပေးရာတွင် စေတနာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများသဖွယ် မိသားစုစိတ်ဓာတ်ဖြင့် ကုသမှုများပေးကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆေးဘက်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာထိန်းသိမ်းပြီး လူနာကိုနားထောင်ပေးခြင်း၊ လူနာနှင့် မိသားစုကို ရှင်းလင်းစွာရှင်းပြခြင်း၊ လူနာ၏ ကိုယ်ရေးအချက်အလက်နှင့် လျှို့ဝှက်ချက်ကို ထိန်းသိမ်းခြင်းနှင့် လူနာ၏ ဂုဏ်သိက္ခာအား လေးစားခြင်းတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ Professional ၏ ဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်သည့်၊ နိုင်ငံတော်က အားကိုးရသည့်၊ တာဝန်ယူမှုရှိသည့် လူနာဗဟိုပြု ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကြရန်" လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထားကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"ဟူသည့် မူဝါဒနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိတွင် မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ လူ့မျှော်မှန်းသက်တမ်းသည် ၆၉ နှစ်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မျှော်မှန်းသက်တမ်းကို နှစ် ၇၀ ကျော် တိုးမြင့်လာစေရန် ရည်မှန်းပြီး အားသွန်ခွန်စိုက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် "ဆေးရုံရှိလျှင်၊ ဆရာဝန်ရှိရမည်" ဆိုသည့် အဓိကရည်မှန်းချက်ကို ပြည့်ဝစေရေး အလေးထားပြီး မြို့ပြနှင့် ကျေးလက်မကျန်၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုရနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှု ယန္တရားကြီးတစ်ခုလုံး ပြည့်စုံကောင်းမွန်စေရန်အတွက် ကျွမ်းကျင်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံနေစေရန် အလွန်အရေးကြီးသည်။

၂၀၂၃ ခုနှစ်တွင် Naypyitaw State Academy ၌ ဆေးသိပ္ပံပညာမဟာဌာနကို ထပ်မံဖွင့်လှစ်ပေးခဲ့သဖြင့် ယခုအခါ ဆေးတက္ကသိုလ် ခြောက်ခုနှင့် ဆေးပညာနီးနွယ်တက္ကသိုလ် ၁၁ ခု စုစုပေါင်း တက္ကသိုလ် ၁၇ ခုရှိလာပြီဖြစ်သည်။ ဆေးပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများကိုလည်း နိုင်ငံတကာအဆင့်မီအဖြစ် မျှော်မှန်းရလဒ်အခြေခံသည့် စုစည်းချိတ်ဆက်သင်ကြားခြင်းစနစ်ကို ပြောင်းလဲသင်ကြားပေးလျက်ရှိပြီး ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှုနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်ရေးတို့ကို ထည့်သွင်းသင်ကြားပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်းတွင်လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံမှုရှိစေရေးအတွက် လူသားအရင်းအမြစ်များကို နှစ်စဉ် စီမံချက်ဖြင့် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ နောင်လာမည့် ၅ နှစ်၊ ၁၀ နှစ်နှင့် ၁၅ နှစ်အတွက် ရည်မှန်းချက်ထားပြီး ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးအသုံးစရိတ်သည် ၂၀၀၀ ပြည့်နှစ်တွင် စုစုပေါင်း အစိုးရအသုံးစရိတ်၏ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ယခု ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ကျပ်သန်း ၁၃၉၁ ဘီလီယံကျော်အထိ တိုးမြှင့်ပေးထားပြီး ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေးနိုင်ရေး ဆောင်ရွက်သွားမည်ဟုသိရသည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ကျန်းမာရေးကဏ္ဍကို အဘက်ဘက်တွင် မြှင့်တင်ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးကိုစောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏အနာဂတ်ကို စောင့်ရှောက်ပေးခြင်းဟုခံယူပြီး မိမိတို့၏ပညာ၊ စေတနာကို ပြည်သူ့အကျိုးအတွက် အကောင်းဆုံးအသုံးချရန်၊ နိုင်ငံတော်က အားထားရသည့် ဆရာဝန်ကောင်းများ၊ ပြည်သူက ယုံကြည်အားကိုးရသည့် ကျန်းမာရေးပညာရှင်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (၃၁)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထား ကိုးကွယ်လျက်ရှိသည့် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၃၁)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၁၇ ရက်မှ ၂၅ ရက်အထိ ကိုးရက်တိုင်တိုင် အဆိုပါဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသွားမည်ဖြစ်ကာ ဖွင့်ပွဲမင်္ဂလာ အခမ်းအနားကို နံနက် ၇ နာရီခွဲနှင့် အောင်ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတို့တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မြင့်ဦး

## (၁၃-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၀ ~ ၃၆၆၂.၈ | ၅၅၇.၄ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၀၈၁,၁၁၁.၈၇ | ၁၀,၁၁၉,၀၀၂.၃၅ | ၇၀,၈၅၁,၈၉၉.၁၅ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁၃ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၁၀ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၉,၀၀၀ | ၁,၀၆၉ | ၂၀,၁၇၈,၅၀၀ |
| MTSH | ၁၂,၅၀၀ | ၈,၅၀၀ | ၃,၄၉၇ | ၂၉,၇၄၈,၈၀၀ |
| MCB | ၁၂,၅၀၀ | ၁၂,၅၀၀ | ၅၃၂ | ၆,၆၅၀,၀၀၀ |
| FPB | ၇,၀၀၀ | ၆,၉၀၀ | ၁,၄၂၃ | ၉,၈၀၄,၁၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၆ | ၁၉,၂၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၂,၃၅၅ | ၄,၀၂၁,၂၅၀ |
| AMATA | ၄,၁၀၀ | ၄,၃၀၀ | ၁၅၁ | ၆၃၉,၃၀၀ |
| MAEX | ၆,၅၀၀ | ၆,၅၀၀ | ၄၄ | ၂၈၆,၀၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၂၀၀ | ၅၀၀ | ၃,၁၁၀,၀၀၀ |
| ASPGB(PLB) | ၅,၉၀၀ | ၅,၉၀၀ | ၂,၀၂၂ | ၁၁,၉၃၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✣ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ဒေသဆိုင်ရာ အချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း မြေအသုံးချမှုနှင့် မိုးရွာသွန်းမှုအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ ပဲမျိုးစုံစိုက်ပျိုးထွက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်လျက်ရှိမှု၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေး သုတေသနစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဆီကြမ်းထွက်ရှိမှုနှင့် ဒေသဆီဖူလုံမှုရှိစေရေးအတွက် ဆီချောစက်ရုံ တည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ဆီအုန်းစိုက်ပျိုးမှုမှ ဒေသဝင်ငွေရရှိမှု၊ ရော်ဘာ၊ ကော်ဖီ၊ ကိုကိုးပင်များ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ မွေးမြူရေးရေထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှုနှင့် တင်ပို့နိုင်မှု၊ ပုစွန်သားဖောက်စခန်းတည်ဆောက်နေမှု၊ ပုလဲ၊ မုတ်ခွံမွေးမြူထုတ်လုပ်နိုင်မှု၊ နှစ်အလိုက်အိမ်မွေးငှက်သိုက်ထုတ်လုပ်မှုနှင့် အခွန်ကောက်ခံရရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုရေးကဏ္ဍများ မြင့်မားတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိ မြို့ဖများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များက တနင်္သာရီတိုင်းဒေသကြီးသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားအပန်းဖြေဧည့်သည်များ ပိုမို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းပြခန်းများကို ကြည့်ရှုစဉ်။

အဆင်ပြေစွာ အများအပြားလာရောက်လည်ပတ်နိုင်ရေးနှင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့ကို အထောက်အပံ့ ဖြစ်စေနိုင်ရေးအတွက် တနင်္သာရီ တိုင်းဒေသကြီးအတွင်းသို့ ပြေးဆွဲနေသည့် လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခ နှုန်းထားများ ဖြေလျှော့ပေးစေလိုမှု၊ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်သမ္မတကြီးအနေဖြင့် မြိတ်ဒေသသို့ ရောက်ရှိစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့ မြို့မအားကစားကွင်းအား အဆင့်မြှင့်တင်ခြင်း၊ မြိတ်လေယာဉ်ကွင်း အဆင့်မြှင့်တင်တိုးချဲ့ခြင်း၊ မြိတ်ပြည်သူ့ဆေးရုံအား ခုတင်(၃၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ခြင်းတို့အား ဆောင်ရွက်ပေးခဲ့မှုများအတွက် ဒေသခံများအားလုံးအနေဖြင့် အထူးပင်ဝမ်းမြောက် ကျေးဇူးတင်လျက်ရှိမှု၊ ဒေသခံများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ မြိတ်မြို့ဒေသခံများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိမှု၊ လေယာဉ်ကွင်းအဆင့်မြှင့်တင်ခြင်းပြီးစီးပါက ဒေသထွက်တန်ဖိုးမြှင့်ရေထွက်ပစ္စည်းထုတ်ကုန်များအား ကုန်တင်လေယာဉ်များဖြင့် ပြည်ပနိုင်ငံဈေးကွက်များသို့ တင်ပို့နိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းထွက်ရှိသည့် သဘာဝငှက်သိုက် ထုတ်ကုန်များအား အသေးစားလုပ်ငန်းများ ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းမှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကိုအသုံးပြု၍ရော်ဘာလက်အိတ်များ အပါအဝင် အခြားတန်ဖိုးမြှင့်ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် စက်ရုံတည်ဆောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုချေးငွေရရှိရေး နိုင်ငံတော်မှကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း လိုအပ်သည့် လူသုံးကုန်ပစ္စည်းများအား ဒေသတွင်း၌ပင် ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် စက်ကိရိယာများဝယ်ယူရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် ချေးငွေရရှိလိုမှု၊ တိုင်းဒေသကြီးအတွင်း ရေထုတ်ကုန်ပစ္စည်းများထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ရေး၊ အခြေခံလူတန်းစား ရေလုပ်သားတို့၏ မိသားစုရပ်တည်မှု အဆင်ပြေစေရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များ၊ မူဝါဒနှင့် ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှလိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ ပြည်တွင်းစားသုံးဆီဖူလုံမှုကို အထောက်အပံ့ဖြစ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် အခြားဒေသဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆွေးနွေးတင်ပြမှုများ အပေါ် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေး ပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီး အတွင်းသို့ ပြည်တွင်းလေကြောင်းလိုင်းများ ပြေးဆွဲစေလျက်ရှိပြီး လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေနှင့် လေကြောင်းခရီးစဉ် ပြေးဆွဲမှုအတွက် ကုန်ကျစရိတ်တို့အပေါ် မူတည်တွက်ချက်၍ လေယာဉ်လက်မှတ်ခ နှုန်းထားများကို သတ်မှတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး သင့်လျော်သည့်နှုန်းထားရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ ထားဝယ်ဒေသသို့ ရက်သတ္တပတ် တစ်ပတ်လျှင် လေကြောင်း ခရီးစဉ်ခုနစ်ခေါက်ပြေးဆွဲပေးလျက်ရှိမှုနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လေဆိပ်အဆင့်မြှင့်တင်ခြင်းနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် ခရီးသွားလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် အဆင်ပြေချောမွေ့လာနိုင်မည့် အခြေအနေများ၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့်အတူ ဖြစ်ပေါ်လာနိုင်မည့်၊ ဒေသဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အခွင့်အလမ်းများ၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပိုမိုလျင်မြန်ချောမွေ့လာစေရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တနင်္သာရီ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် သဘာဝငှက်သိုက်ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် စနစ်ကျသည့် ထုတ်လုပ်မှုဖြစ်စေရေး ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးနှင့် ချေးငွေများရရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ မူဝါဒသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားကြရန်လိုအပ်မှု၊ တိုင်းဒေသကြီးအတွင်း မြေယာအသုံးချမှုများနှင့်ပတ်သက်၍ ခွင့်ပြုပေးထားသည့် လုပ်ငန်းအမျိုးအစားအလိုက် စနစ်တကျနှင့် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြရန် လိုအပ်သည့် အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ကြွယ်ဝစွာတည်ရှိနေသည့် စွမ်းအင်အရင်းအမြစ်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုတ်ယူသုံးစွဲ၍ ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိဆောင်ရွက်သွားနိုင်သည့် အခြေအနေများ၊ ဒေသထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် MSME ပြပွဲများကျင်းပ၍ ထုတ်ကုန်ပစ္စည်းများဈေးကွက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြှင့် ရော်ဘာထုတ်ကုန်များထုတ်လုပ်နိုင်သည့် စက်ရုံတည်ဆောက်နိုင်ရေး လိုအပ်သည်များကို ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ အားပေးဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။ **စာမျက်နှာ ၄ သို့** ✣

☆ **တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းနှင့် အရင်းအမြစ်များ များစွာရှိပြီးဖြစ်၍ ဆီအုန်း၊ ရော်ဘာ၊ ဒူးရင်း စသည့်နှစ်ရှည်ပင်များအနေဖြင့် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်စေရေး စိုက်ပျိုးရေးသုတေသနများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လို**

☆ **ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် ကိုကိုးပင်များကိုလည်း နှစ်ရှည်သီးနှံပင်များနှင့်တွဲ၍ တိုးချဲ့စိုက်ပျိုးသွားကြခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်လာစေမည်၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသဝမ်းစာ ဖူလုံကိုက်ညီမှုရှိအောင် မွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးဈေးနှုန်းကြီးမြင့်မှုများကို လျှော့ချပေးနိုင်မည်**

☆ **ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်မွေးမြူကြမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဆောင်ရွက်သွားရန်လို၊ ဒေသတွင်း ထုတ်လုပ်မှုနှင့် စားသုံးမှုများ မျှတအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဘဝများတိုးတက်လာအောင် ဖော်ဆောင်ပေးသွားကြရမည်**

✣ စာမျက်နှာ ၃ မှ

### နိုင်ငံတော်၏ နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုနှင့် ပညာရေးအရ ပြုပြင်ပြောင်းလဲမှုများ မဖြစ်မနေ လုပ်ဆောင်ရန်လိုအပ်မှု

ထို့နောက် နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူရပြီးနောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိခြင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် တစ်နှစ်ပတ်လုံး မိုးရေချိန်ကောင်းမွန်စွာရရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ဒေသ၏ ရေခံမြေခံကောင်းများ၊ ပိုင်ဆိုင်ထားရှိသည့် အရင်းအမြစ်များ၊ အခြေခံအချက်အလက်များအပေါ် မူတည်၍ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်နိုင်ရန် စီမံချက်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရေခံမြေခံနှင့် အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သော်လည်း နိုင်ငံရေးအရလှုံ့ဆော်သွေးထိုးမှုများကြောင့် အချို့သောနေရာများ၌ လုံခြုံရေးအရအားနည်းချက်များနှင့် မငြိမ်မသက်မှုများဖြစ်ပေါ်လျက်ရှိကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကန့်သတ်ချက်များ ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် နိုင်ငံရေးအရ အမြတ်ထုတ် အသုံးချနေကြသည့် ပြည်ဖျက်မီဒီယာများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ စကားများကို နားယောင်ကာ အကောင်းအဆိုးနှင့် အကြောင်းအကျိုးကို ဆင်ခြင်သုံးသပ်ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်မှု မရှိခြင်းသည် ပညာရေးအရ အားနည်းချက်များ ရှိခဲ့ခြင်း၏ အကျိုးဆက်ပင်ဖြစ်ကြောင်း။

နိုင်ငံသားတစ်ဦးချင်းစီ၏ အတန်းပညာများ မြင့်မားလာမှသာ အသိပညာ၊ ခံယူချက်၊ ယုံကြည်မှုစိတ်ဓာတ်နှင့် စည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုများ မှန်ကန်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများ၌လည်း နိုင်ငံရေးအရ သဘောထားတိုက်ဆိုင်မှု မရှိခြင်းများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လေ့ရှိကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သော်လည်း နိုင်ငံ၏ အနာဂတ်ကို ထိခိုက်ပျက်စီးစေမည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်အကျိုးစီးပွားများနှင့် အခြေခံအရင်းအမြစ်များကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်ကြခြင်းများ မရှိကြကြောင်း၊ ပညာတတ်များ ဖြစ်မှသာလျှင် အကောင်းအဆိုး အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့်နိုင်ငံ၏ အကျိုးစီးပွားကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ပညာရေးအရ ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ခေတ်အဆက်ဆက်အစိုးရများ အနေဖြင့် နိုင်ငံရေးစနစ်အမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ခေတ်စနစ်များအလိုက် ကောင်းမွန်သည်များ ရှိခဲ့သကဲ့သို့ အားနည်းချက်များလည်း ရှိခဲ့ကြကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီအစိုးရသစ် ထွက်ပေါ်လာခဲ့ကြောင်း၊ ထို့နောက် ဒီမိုကရေစီဒုတိယအစိုးရလက်ထက် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မည်သို့မျှလက်ခံ၍မရနိုင်သည့် မဲမသမာမှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့ပြီး ထိုအချိန်က နိုင်ငံတော်တွင် တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်း မရှိသည့်အတွက် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ကြရကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်မှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အားပေးထောက်ပံ့မှုဖြင့် လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို ဆောင်ရွက်ကာ တိုင်းပြည်ကို ဖျက်ဆီးလာခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊ နိုင်ငံရေးအရ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၊ လက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ စသည့်အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကို ရနိုင်သမျှသော အင်အားစုများ၊ တာဝန်သိ ပြည်သူများနှင့် သစ္စာရှိဝန်ထမ်းများ၏ ပူးပေါင်းပါဝင်မှုများဖြင့် ကြိုးစားရုန်းကန်၍ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့်အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

တနင်္သာရီတိုင်းဒေသကြီး အတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းနှင့် အရင်းအမြစ်များ များစွာရှိပြီးဖြစ်ကြောင်း၊ ဆီအုန်း၊ ရော်ဘာ၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များအနေဖြင့် အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်စေရေး စိုက်ပျိုးရေးသုတေသနများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် ကိုကိုးပင်များကိုလည်း နှစ်ရှည်သီးနှံပင်များနှင့်တွဲ၍ တိုးချဲ့စိုက်ပျိုးသွားကြခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသဝမ်းစာဖူလုံကိုက်ညီမှုရှိအောင် မွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးဈေးနှုန်းကြီးမြင့်မှုများကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်မွေးမြူကြမည်ဆိုပါက ဒေသအတွက် များစွာ အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်းထုတ်လုပ်မှုနှင့် စားသုံးမှုများ မျှတအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဘဝများ တိုးတက်လာအောင် ဖော်ဆောင်ပေးသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အတတ်ပညာ၊ အသိပညာများ ကြွယ်ဝစေရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာခြင်းဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၏ GDP တိုးတက်လာစေရေး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

### ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး

တနင်္သာရီတိုင်းဒေသကြီး အတွင်း စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလာမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့် လေယာဉ်ဆိုက်ရောက်ပျံသန်းဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်မှုကို ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာစေနိုင်မည်ဖြစ်ကြောင်း၊ ရေး-ထားဝယ် ရထားလမ်းသစ်ဖောက်လုပ်ရာတွင်လည်း ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်၌ နှစ်လမ်းသွားဖြင့် ဖောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ခရီးသွားလာမှုများနှင့် ကုန်စည်ကူးသန်းသွားလာမှုများ ပိုမိုတိုးတက်များပြားလာစေနိုင်မည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝမှ ပေးထားသည့် သာယာလှပသည့်ကမ်းခြေများ၊ ကျွန်းစုများ၊ ခရီးသွားအရင်းအမြစ်များ၊ လည်ပတ်ရန် ခရီးစဉ်နေရာများအပြင် ဒေသသာယာလှပရေး၊ စည်းကမ်းစနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အတွက်လည်း ဒေသနေပြည်သူများ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီအလိုက်၊ မိသားစုတစ်စုချင်းစီအလိုက်၊ ရပ်ကွက်၊ ကျေးရွာများ၊ မြို့များအလိုက် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာကြမည်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာကြမည်၊ ထုတ်ပြန်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကြမည်ဆိုပါက မိမိတို့ဒေသနှင့် မြို့သာယာလှပမှုသည်လည်း ကောင်းမွန်နေမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ✣



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

☆ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာစေနိုင်မည်

☆ ရေး-ထားဝယ် ရထားလမ်းသစ်ဖောက်လုပ်ရာတွင်လည်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ နှစ်လမ်းသွားဖြင့် ဖောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ခရီးသွားလာမှုများနှင့် ကုန်စည်ကူးသန်းသွားလာမှုများ ပိုမိုတိုးတက်များပြားလာစေနိုင်မည်

☆ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝမှပေးထားသည့် သာယာလှပသည့်ကမ်းခြေများ၊ ကျွန်းစုများ၊ ခရီးသွားအရင်းအမြစ်များ၊ လည်ပတ်ရန် ခရီးစဉ်နေရာများအပြင် ဒေသသာယာလှပရေး၊ စည်းကမ်းစနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက်လည်း ဒေသနေပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်

✣ စာမျက်နှာ ၄ မှ

ထို့ပြင် ရှေးယခင်ကတည်းက တည်ရှိခဲ့သည့် ထားဝယ်အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာတူရိယာပစ္စည်းများကို စနစ်တကျထိန်းသိမ်းရန်လိုသကဲ့သို့ ပြန်လည်ထုတ်ဖော် ပြသသွားရန်လည်း လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု၊ မိမိတို့ဒေသ၏ယဉ်ကျေးမှုကို နိုင်ငံတွင်းနေထိုင်ကြသူများ၊ ဒေသတွင်းနေထိုင်ကြသူများကိုယ်တိုင် မြတ်မြတ်နိုးနိုးတန်ဖိုးထား ထိန်းသိမ်းဆောင်ရွက်သွားနိုင်ရေး မြို့မိမြို့ဖများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို အစဉ်အဆက် ထိန်းသိမ်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုနိုးကြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် “အားလုံးက မြန်မာ” ဟူသည့် စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်သည့်အလားအလာကောင်းများ၊ အခွင့်အလမ်းကောင်းများ၊ အရင်းအမြစ်များ ပေါကြွယ်ဝစွာရှိပြီးဖြစ်သဖြင့် ဒေသတည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပေးခြင်း၊ အမှန်တကယ်အလုပ်လုပ်ကိုင်ကြခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေသည့် နည်းပညာများကိုအသုံးချ၍ ဒေသတွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုပြီး ပြခန်းအလိုက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် ယနေ့နံနက်ပိုင်းတွင်လည်း ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံသို့သွားရောက်၍ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများရရှိခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံကြည့်ရှု အားပေးစကား ပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆေးရုံအတွက်လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးပြီး ဆေးရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✳ **ကျောဖုံးမှ**

ယခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့၏ ဆောင်ပုဒ်မှာ “Resilience Starts at Home – ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့” ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် ဘေးဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံ၊ မိသားစုနှင့် လူမှုအသိုက်အဝန်းများကို ဦးစွာတည်ဆောက်ရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နိုင်ငံဖြစ်သဖြင့် ဆန်ဒိုင်းမူဘောင်(၂၀၁၅-၂၀၃၀)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) တို့နှင့်အညီ ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ကာကွယ်ရေးနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း “ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ခြင်း (Build Back Better)” ကို အလေးထားပြီး ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံများ တည်ဆောက်နိုင်ရန် Myanmar National Building Code 2025 ကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးကို ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ပြည့်ဝခြင်းနှင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် အရေးပါသည့်အချက်ဖြစ်ကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို တစ်အိမ်ချင်းစီကအစပြု၍ နိုင်ငံတော်အဆင့်ထိ အဆင့်ဆင့်ကြိုးပမ်းတည်ဆောက်သွားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများ၊ အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများ၊ သဘာဝဘေးအသိပညာပေး Animation ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲ၊ သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲ (မြန်မာ့ရိုးရာပန်းချီ)နှင့် အခြေခံအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံးမှပေးပို့သည့် သတင်းစကားရုပ်သံဗီဒီယိုနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တက်ရောက်လာသူများနှင့်အတူ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အသိပညာပေးပြဇာတ်တင်ဆက်မှုကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

❂ **ပုသိမ်မှ**

အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီတွင် ကြံ့ခင်းဘူတာမှ ကြံ့ခင်း-ဟသ်ာတ-ပုသိမ် မြန်မာ့မီးရထား ပုံမှန်ပြန်လည် ပြေးဆွဲသွားမည်ဖြစ်ကြောင်း ကြံ့ခင်းမြို့နယ်မီးရထားရုံပိုင်ကြီးထံမှ သိရသည်။

အဆိုပါဖြစ်စဉ်များကြောင့် ကျုံပျော်မြို့နယ်အတွင်းရှိ ဇရပ်လှဘူတာနှင့် ဒိုက်ပျက်ဘူတာအကြား ရထားလမ်းပေါ်သို့ ရေကျော်လွှန်စီးဆင်းမှုရှိခဲ့ပြီး ခရီးသွားပြည်သူများ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ပုသိမ် - ကြံ့ခင်း ပြေးဆွဲလျက်ရှိသော အစုန်/အဆန်ရထား ခရီးစဉ်များကို ဩဂုတ် ၃ ရက်၌ ယာယီဖျက်သိမ်း (ဆိုင်းငံ့)ထားရှိခဲ့ရာ ယခုအခါ ရထားလမ်းပိုင်းကို ပြန်လည်ပြုပြင်ပြီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် အမှတ်(၉)တိုင်းနယ်မြေအတွင်း ကြံ့ခင်း-ဟသ်ာတ-ပုသိမ်လမ်းပိုင်း၌ (၁၈၂)အစုန်နှင့် (၁၈၁)အဆန် အမြန်ရထားကို ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

❖ **ကော့ကရိတ်မြို့နယ်မှ**

သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်း အမှုဆောင်များနှင့် အခြေခံသမဝါယမအသင်း အမှုဆောင်များအား သွားရောက်တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်က သမဝါယမစနစ်ပီပြင်စွာ ဖြစ်ပေါ်လာစေရေးအတွက် သမဝါယမအသင်းများ ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်ရမည့်အချက် (၅)ချက်၊ ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် သမဝါယမကဏ္ဍအနေဖြင့် ပြည်နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေ ရယူဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက်ကော့ကရိတ်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက မိမိတို့မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ အသင်းအမှုဆောင်များက အသင်း၏လုပ်ငန်းဆောင်ရွက်မှုတို့ကို တင်ပြဆွေးနွေးခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူက လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး အသင်းသားများ၏ တစ်နိုင်တစ်ပိုင် ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၃**

(၆၁)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့တွင် နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပလျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကိုစိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်ခင်းကွင်းနယ်မြေအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု၊ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ ထုတ်ပြန်ကြေညာနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲများ အနက် ကျောက်စိမ်းအတွဲ အမှတ်(၁)မှ(၅၅၀)အထိ အတွဲပေါင်း(၅၅၀)ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၇၄ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲအမှတ် (၅၅၁)မှ(၁၁၀၀)အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ ထိုသို့တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၅ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၄ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်း အတွဲများအား ကြေညာသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို အောင်မြင်အောင်ကျင်းပ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ အဖိုးတန်ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့စေရန်နှင့် မြန်မာ့မြေအလှတရားကို ထာဝရရှင်သန်စေရန်အတွက် သယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၃**

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမျိုးသားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းတွင် WCC အဖွဲ့ဝင်များအနေဖြင့် အလုပ်သမားရေးရာဥပဒေများ၊ ဥပဒေပါအကျိုးခံစားခွင့်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအစီအမံများ စသည့်ဥပဒေပါလိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့ရုံးတို့က စည်းကြပ်လျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေများကို တိုင်းဒေသကြီးတာဝန်ခံများက ရှင်းလင်းဆွေးနွေးခြင်း၊ WCC အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်သင့်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ ဆွေးနွေးပို့ချခြင်း၊ အငြင်းပွားမှုများကို လက်တွေ့သရုပ်ပြဆွေးနွေးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

## မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆရာဝန်များ ခန့်ထားပေးရေးနှင့် ဆေးဝါးများပံ့ပိုးပေးရေး၊ ဆေးရုံပြန်လည်ဖွင့်လှစ်ပေးရေး၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးရေး၊ ခွဲစိတ်ခန်းဆောက်လုပ်ပေးရေးနှင့် ဆေးရုံ ပြုပြင်ပေးရေးတို့နှင့်စပ်လျဉ်း၍ **မေးခွန်းငါးခု** မေးမြန်းဖြေကြားခြင်းနှင့် **အဆိုတစ်ခု** ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့ (၂၅) ခုတင်ဆံ့ ဆေးရုံနှင့်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်များ ခန့်ထားပေးရန်နှင့် ဆေးဝါးများ ပံ့ပိုးပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကလေးဝမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့်အတူ သူနာပြုငါးဦး၊ အကူသူနာပြုနှစ်ဦးနှင့် အခြားဝန်ထမ်း ၁၀ ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပြီး သွားဆရာဝန်ခန့်ထားနိုင်ရေး စိစစ်ဆောင်ရွက်နေပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်/ပံ့ပိုးမှုဖြင့် ကလေးဝမြို့နယ်သို့ ဆေးအမယ်ပေါင်း ၁၇၄ မျိုး ဖြန့်ဖြူးပို့ဆောင်ပေးထားပြီး လိုအပ်သောဆေးဝါးများကိုလည်း ပုံမှန်ဆက်လက်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ကလေးဝမြို့နယ် (၁၆)ခုတင်ဆံ့ မစိန်တိုက်နယ်ဆေးရုံသို့ စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးအား ယာယီတာဝန်ချထားပေးပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံငါးရုံအား ပြန်လည်ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မတ္တရာမြို့နယ်အတွင်း အကြမ်းဖက်မှုကြောင့် ၂၀၂၂ ခုနှစ် မေလမှစတင်ကာ ငါးနှစ်ကျော် ပိတ်ထား



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပစဉ်။

ခဲ့ရသော တိုက်နယ်ဆေးရုံငါးရုံရှိပါကြောင်း၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်ငါးဦးကို အဆိုပါတိုက်နယ်ဆေးရုံများသို့ အလှည့်ကျတာဝန်ချထားပြီး နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၏ လိုက်ပါကူညီစောင့်ရှောက်မှုဖြင့် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆေးရုံများ၏ ပျက်စီးဆုံးရှုံးမှုများကို နယ်မြေအခြေအနေပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရန်ပုံငွေခွင့်ပြုပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ ညှိနှိုင်းမှုဖြင့် ဆောလျင်စွာ ပြန်လည်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ **အောင်လံမြို့နယ်ရှိ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းများ အမြန်ဆုံးခန့်ထားပေးရန်နှင့် ခွဲစိတ်ခန်းပြင်ဆင်ရေး ရန်ပုံငွေခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက အောင်လံခရိုင် အောင်လံမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် သားဖွားမီးယပ်အထူးကုဆရာဝန် တစ်ဦးနှင့် လက်ထောက်ဆရာဝန် နှစ်ဦးတို့က တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောတွင် ပျမ်းမျှ အတွင်းလူနာ ၅၃ ဦးနှင့် ပြင်ပလူနာ ၄၅ ဦးတို့အားဆေးကုသပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ ဦးစားပေးအစီအစဉ် သတ်မှတ်ချက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များအပေါ်မူတည်၍ လိုအပ်သော ဆရာဝန်များကို စိစစ်ကာ ခန့်ထားပေးသွားမည် ဖြစ်ပါကြောင်း၊ ခွဲစိတ်ခန်း၏ လိုအပ်ချက်များကို ဆေးရုံကြီးကြပ်ကော်မတီ အစီအစဉ်ဖြင့် ပြင်ဆင်ပြီးစီးပြီဖြစ်၍ ခွဲစိတ်ခန်း ပြောင်းရွှေ့ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို ဆက်လက်စိစစ် ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **ဟဲဟိုးမြို့ တိုက်နယ်ဆေးရုံ၌ ခွဲစိတ်ခန်း ဆောက်လုပ်ပေးရန်နှင့် Type(c) Laboratory Set တစ်စုံထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ တိုက်နယ်ဆေးရုံအတွက် စံချိန်စံနှုန်းနှင့်အညီ ခွဲစိတ်ခန်းဆောင် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေတွင် ကနဦးလျာထားဆောင်ရွက်ပေးထားပါကြောင်း၊ ကလောခရိုင် ပြည်သူ့ဆေးရုံကြီး၏ တင်ပြတောင်းခံလာမှုအရ ဟဲဟိုးတိုက်နယ်ဆေးရုံအတွက် Type(c) Laboratory Set တစ်စုံကို ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ထောက်ပံ့ပေးပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံကြီးကို အထွေထွေ ပြည်သူ့ဆေးရုံကြီး အသွင်ပြုပြင်ရန် မည်သို့ဖြည့်ဆည်းပေးထားကြောင်း သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်သည် လူဦးရေ ၂၅၄၃၆၄ ဦးရှိပြီး (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်း ၂၆ ဦးက တစ်နေ့လျှင်ပျမ်းမျှအတွင်းလူနာ ၁၁ ဦး၊ ပြင်ပလူနာ ၇၁ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပြီး လိုအပ်ပါက နီးစပ်ရာ မြောက်ဥက္ကလာပနှင့် သဃ်န်းကျွန်း ပြည်သူ့ ဆေးရုံကြီးများသို့ လွှဲပြောင်းပေးနိုင်သည့် အပြင် မြို့နယ်အတွင်း အမျိုးသားကင်ဆာရောဂါကုသရေးဗဟိုဌာန ရှိနေသောကြောင့် လက်ရှိတွင် ပြည်သူ့ဆေးရုံကြီးအဆင့်သို့ အဆင့်မြှင့်တင်ရန် မလိုအပ်သေးပါကြောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်တွင် စံကိုက် ဒေသန္တရ ကျန်းမာရေးဌာနခွဲ နှစ်ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ နှစ်ခုတို့ဖြင့် မြို့နယ်လူဦးရေအတွက် ဧရိယာနှင့် လူဦးရေ လွှမ်းခြုံမှုအရ စနစ်တကျပြုစုကုသပေးလျက်ရှိပါကြောင်း၊ ဆေးဝါး ထောက်ပံ့ရေးမူဝါဒ၊ သာမန်ဘတ်ဂျက်နှင့် ဆေးပဒေသာပင် ရန်ပုံငွေများဖြင့် လုံလောက်စွာ ထောက်ပံ့ပေးနေသည့် အပြင် အရေးပေါ် သီးသန့်ဆေးဝါးများလည်း သိုလှောင်ထားရှိပါကြောင်း။

ကုသရေးဝန်ထမ်းများအတွက် (၄)ခန်းတွဲ (၄)ထပ်အိမ်ရာ တစ်လုံးနှင့် (၂)ခန်းတွဲ (၂)ထပ်အိမ်ရာ တစ်လုံးရှိပြီး ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ဝန်ထမ်း ၂၂ ဦးအတွက် (၆)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရန် လျာထားဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် **"နိုင်ငံသူ နိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေး ဆိုင်ရာဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင် ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို"**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**နန်းယွန်း မဲဆန္ဒနယ်မှ ဦးယောအေးလှ**က ဒေသဇုန်ကြီးများ ဇုန်အလိုက်ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက် ကျန်းမာရေး စောင့်ရှောက်မှု ကွာဟချက်ကို ကျဉ်းမြောင်းစေနိုင်ပြီး ဒေသတွင်း၌ပင် ယုံကြည်စိတ်ချစွာ ကုသမှုခံယူနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုထိရောက်အောင်မြင်ပြီး ရေရှည်တည်တံ့စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် အကြံပြုလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်ကျန်းမာရေး အသုံးစရိတ်အပြင် သီးသန့် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လိုအပ်သလို ချိတ်ဆက်၍ **(PPP)** စနစ်ဖြင့် ပူးပေါင်းဖော်ဆောင်ခြင်း၊ လူ့စွမ်းအား အရင်းအမြစ်များဖြစ်သော အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဘက်ကျွမ်းကျင် ပညာရှင်များကို ဒေသဇုန်ကြီးများအလိုက် မျှတအချိုးကျစွာ ခွဲဝေတာဝန်ချထားပေးနိုင်မည့် **လူ့စွမ်းအားအရင်းအမြစ် မူဝါဒ**တစ်ရပ်ကို စနစ်တကျရေးဆွဲချမှတ်ပြီး တစ်ဆင့်ချင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အကြံပြုအပ်ပါကြောင်း၊ အဆိုသည် ပြည်သူများအတွက် မျှော်လင့်ချက် အရုဏ်ဦးကို ဆောင်ကြဉ်းပေးနိုင်မည့် ကျန်းမာရေးမဟာဗျူဟာမြောက် အဆိုတစ်ရပ်ဖြစ်သည့်အတွက် အစိုးရအနေဖြင့် ရေရှည်စီမံကိန်းချ၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်**က အဆိုရှင်၏ ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးရမည်ဆိုသည့် အချက်အပေါ် အပြည့်အဝထောက်ခံပါကြောင်း၊ ပြည်သူများက အနည်းဆုံး ဆရာဝန်စမ်းသပ်ခ၊ ဓာတ်ခွဲစမ်းသပ်ခနှင့် ဝန်ဆောင်စရိတ်များ ကျခံစရာမလိုဘဲ ဆေးဖိုးလောက်သာကျခံရမည်ဆိုလျှင် ကုန်ကျစရိတ် တစ်ဝက်လျော့သွားမည် ဖြစ်ပါကြောင်း၊ ယင်းမှာ ပြည်သူများအတွက် လက်တွေ့ထိရောက်သည့် အကျိုးခံစားခွင့်ပင်ဖြစ်ပါကြောင်း၊ ဒေသဇုန်များခွဲပြီး အချိန်မီကုသမှုခံနိုင်ရန် စရိတ်စကလျော့ကျ ကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးရမည် ဆိုသည်မှာ ကောင်းမွန်သည့်ကိစ္စ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူလူထုတစ်ရပ်လုံး အတွက်လည်း လက်တွေ့အကျိုးခံစားရမည့်ကိစ္စဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း**က ပြည်သူ့ဆေးရုံများ၏ အဆင့်အလိုက် လူနာလွှဲပြောင်းကုသခြင်းနှင့် ပြန်လည်လွှဲပြောင်းကုသခြင်းအစီအစဉ်ကို ဆောင်ရွက်နိုင်မည်ဆိုပါက အထူးကုဆေးရုံကြီးများတွင် လူနာများ စုပြုံစောင့်ဆိုင်းရန် မလိုဘဲ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများတွင် ကုသမှုပေးပြီး ပိုမိုထိရောက်နိုင်သဖြင့် အထူးကုဆေးရုံကြီးများတွင်ကုသရမည့် ရောဂါအဆင့်၊ ပြည်သူ့ဆေးရုံများတွင် ကုသရမည့်ရောဂါအဆင့် ခွဲခြားသတ်မှတ်လိုက်မည်ဆိုပါက လူနာများ စောင့်ဆိုင်းရမည့်အချိန် လျော့နည်း သွားနိုင်သည်ကို အကြံပြုအပ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လုံခြုံကောင်းမွန်မှုသည် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာစေနိုင်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေ၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း၊ လက်ရှိကျင့်သုံးနေသော နိုင်ငံတော်အစိုးရမှ အလုံးစုံကျခံပေးသော ကျန်းမာရေးစောင့်ရှောက်မှု စနစ်အစား ပိုမိုကောင်းမွန်သည့် ကျန်းမာရေးအာမခံစနစ် (သို့မဟုတ်) ခိုင်မာသော ပြည်သူလူထုပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် အကြံပြုအပ်ပါကြောင်း ဆွေးနွေးသည်။

**သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီး**က ဒေသကြီးများအလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင်ပေးရေးကို တင်ပြလိုပါကြောင်း၊ ဇုန်အလိုက် အဆင့်မြင့် ဆေးရုံကြီးများ တည်ဆောက်ပေးမည့် နေရာကို ရေတိုရေရှည်စီမံကိန်းချမှတ်ပြီး လူဦးရေထူထပ်မှု၊ ရောဂါဖြစ်တည်မှု၊ အမျိုးအစားအလိုက်နှင့် လမ်းပန်းဆက်သွယ်မှု အခြေအနေ၊ နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေ၊ ပညာရှင်များကို မွေးထုတ်ရမည့် အချိန်ကာလကို ထည့်သွင်းတွက်ချက်၍ မဖြစ်မနေလုပ်ဆောင်သင့်ပါကြောင်း၊ ရေတိုစီမံကိန်းဆိုသည်မှာ လက်ရှိဆေးရုံဆေးပေးခန်းများကို ဆရာဝန်၊ ဆရာမများ၊ ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ လစာများကို လုံလောက်စွာ ဖြည့်တင်းပေးခြင်းကို ဆိုလိုပါကြောင်း။

**စာမျက်နှာ ၇ သို့** ✦

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ကျင်းပခဲ့သည့် “(၄) ကြိမ်မြောက် အာဆီယံ-တရုတ် တရားစီရင်ရေးဖိုရမ်” သို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၃

ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် “(၄) ကြိမ်မြောက် အာဆီယံ –တရုတ် တရားစီရင်ရေးဖိုရမ်” သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားလွှတ်တော်ချုပ်တို့အကြား တရားစီရင်ရေးလုပ်ငန်းများကို တိုက်ရိုက်ဆွေးနွေးနိုင်မည့် အဆင့်မြင့်ယန္တရားတစ်ခုဖြစ်ပြီး ယင်းဖိုရမ်ကို ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၂၂ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အာဆီယံ – တရုတ်နိုင်ငံတို့နှင့် တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ဤဖိုရမ်သို့ တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိ တရားသူကြီးချုပ်များ၊ တရားစီရင်ရေးအကြီးအကဲများနှင့် အမြင်ချင်းဖလှယ်ပြီး မိမိတို့နှင့်သက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။

(၄) ကြိမ်မြောက် အာဆီယံ–တရုတ် တရားစီရင်ရေးဖိုရမ်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး နိုင်ငံ ၁၂ နိုင်ငံမှ တရားစီရင်ရေး အကြီးအကဲများ၊ တရားသူကြီးများ၊ တရားစီရင်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ စုစုပေါင်း ၉၀ တက်ရောက်ခဲ့ကြသည်။ အဆိုပါဖိုရမ်တွင် ဒီဂျစ်တယ်ခေတ်၌ ရာဇဝတ်မှုများ၊ နယ်စပ်ဖြတ်ကျော် တရားမမှုနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ တရားရုံးလုပ်ငန်းစဉ်များကို ဒီဂျစ်တယ်စနစ်ဖြင့်ဆောင်ရွက်နိုင်ရန် နည်းလမ်းများနှင့် အနာဂတ်တရားစီရင်ရေးကဏ္ဍတို့၌ AI အသုံးပြုနည်းဆိုင်ရာ အတွေ့အကြုံများကို စာတမ်းများဖတ်ကြားဆွေးနွေးကြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဇာလီစံက “Strengthening Judicial Cooperation Against Cybercrime & Cross-Border Civil and Commercial Disputes in the Digital Era: Myanmar’s Perspective” ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးခဲ့သည်။




အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးသည် ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ် H.E. Mr. Nguyen Van Quang နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်အတွက် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ (Bilateral Meeting) ကို ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မကြာသေးမီက မြန်မာနိုင်ငံသမ္မတ၏ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အပြီး နှစ်နိုင်ငံအကြား ပိုမိုတိုးတက်လာမည့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများနှင့်အတူ တရားစီရင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အဆင့်မြှင့်တင်ရန် အလေးထားဆွေးနွေးခဲ့သည်။

တရားသူကြီးချုပ်တို့သည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေး၊ နှစ်နိုင်ငံအကြား တရားခံလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရားမမှုများနှင့်ရာဇဝတ်မှုများတွင် တရားစီရင်ရေးဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့အပြင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်နိုင်ငံတရားသူကြီးများနှင့် တရားရေးအရာရှိများအကြား လေ့လာရေးခရီးစဉ်များ (Study Visits)၊ တရားခွင်လေ့လာရေးအစီအစဉ်များ (Court Attachment Programmes)နှင့် တရားစီရင်ရေးဆိုင်ရာသင်တန်းများ (Judicial Training Programmes)မှတစ်ဆင့် အပြန်အလှန်အတွေ့အကြုံများဖလှယ်နိုင်မည့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ယခုကဲ့သို့တွေ့ဆုံမှုသည် မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍပိုမိုခိုင်မာလာစေရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

အောက်တိုဘာ ၁၀ ရက် ညပိုင်းတွင် ဒါနန်းမြို့ရှိ Ariyana Convention Centre ၌ ကျင်းပခဲ့သည့် “(၄) ကြိမ်မြောက် အာဆီယံ–တရုတ် တရားစီရင်ရေးဖိုရမ်”သို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ဧည့်သည်တော်များအား ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ် H.E. Mr. Nguyen Van Quang က တည်ခင်းသည့် ကြိုဆိုဧည့်ခံပွဲသို့လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် ဒါနန်းမြို့ Furama ဟိုတယ်၌ ဒါနန်းပါတီကော်မတီအတွင်းရေးမှူး၊ ပါတီဗဟိုကော်မတီအဖွဲ့ဝင် H.E .Le Ngoc Quang က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့လည်းကောင်း ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် Ba Na Hills သို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

✦ စာမျက်နှာ ၆ မှ

ဆက်လက်၍ ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို တိုးချဲ့တည်ဆောက်ပေးရာတွင် ပြည်သူတို့၏ အမှန်တကယ်လိုအပ်ချက်နှင့် အစိုးရ၏ ဘဏ္ဍာရေးစွမ်းရည်မျှတစွာစဉ်းစားပေးရန် ဖြစ်ပါကြောင်း၊ ပြည်သူများလိုလားသော အဆင့်မြင့် ဆေးရုံထူထောင်ပေးမှုကို ရေရှည်စီမံကိန်းလမ်းပြမြေပုံရေးဆွဲဆောင်ရွက်သင့်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ပါက ပြည်သူ၊ အစိုးရ၊ နိုင်ငံတော် သုံးဦးသုံးဖလှယ် အကျိုးရှိသည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၊ တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၊ ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၊ လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်နှင့် ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင် တို့က အကြံပြု ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့ထားသော **“ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် **“နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ”**ကို အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

---

## ဘားအံမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

ဘားအံ အောက်တိုဘာ ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် Finn Civil Aid (FCA Myanmar)တို့ ပူးပေါင်းဆောင်ရွက်သည့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းက ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနIncubation Center ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းအတွက် သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများကို သင်တန်းသူများထံ ချီးမြှင့်ပေးအပ်သည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းတွင် ဒေသထွက်သီးနှံများကို အခြေခံ၍ ယိုနှင့်ဖျော်ရည်အမျိုးမျိုးပြုလုပ်နည်း၊ ဝိုင်အမျိုးမျိုးပြုလုပ်နည်း၊ ထောပတ်ပေါက်ပေါက်၊ မြေပဲယို၊ မြေပဲဆားလှော်၊ မှျစ်နှမ်းကပ်ကြော်၊ မှိုခြောက်ကြော်၊ သစ်သီးဂျယ်လီ ပြုလုပ်နည်းများကို အောက်တိုဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အမာမြို့၌ အယ်လ်နီညိုဖြစ်စဉ်အား ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး

အမာ အောက်တိုဘာ ၁၃

ဧရာဝတီ တိုင်းဒေသကြီး အမာမြို့အတွင်းရှိ ပြည်သူများ အယ်လ်နီညို ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အား ကြိုတင်သတိပြုကာကွယ်နိုင်ရေး ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များ၊ ဈေးအရှေ့နှင့် လူစည်ကားရာ နေရာများတွင် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ အသိပညာပေး လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမာမြို့ အုပ်ချုပ်ရေးမှူး ဦးပြည့်စုံဝင်း၏ ဦးဆောင်မှုဖြင့် မြို့အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ အယ်လ်နီညို ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ဖြစ်ပွားလာနိုင်သည့် သဘာဝ ဘေးအန္တရာယ်များနှင့် ကြိုတင်သတိထား ကာကွယ်ရမည့်အချက်များကို အသိပညာပေးနှိုးဆော်ခြင်း၊ အပူဒဏ် အန္တရာယ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နော်လေးလီယန်(ပြန်/ဆက်)**



# အာဆီယံရေးရာကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၃

အာဆီယံရေးရာကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂံဗလခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပုံမှန်ထိတွေ့ဆက်ဆံနေသည့်လမ်းကြောင်းအပြင် အာဆီယံနှင့် ဆက်သွယ်ဆောင်ရွက်မည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများရှိခဲ့သော်လည်း မြန်မာနိုင်ငံသည် တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကို ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ အဖြစ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အာဆီယံနှင့် ဆက်ဆံရာတွင် တစ်နိုင်ငံချင်းအလိုက် ဦးစားပေးအဆင့်လိုက် ထိတွေ့ဆက်ဆံလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်နှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ တစ်ချက်ချင်းစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များက မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လက်ရှိနှစ်နိုင်ငံဆက်ဆံရေးကို အခြေခံကာ အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးကို ပြန်လည်ထိန်းသိမ်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ကျင်းပဖွင့်လှစ်ခဲ့သည့် သင်တန်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည့် သင်တန်းသားများနှင့်တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၃**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန (Ministry of Commerce– MOFCOM)၏အစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖွင့်လှစ်ခဲ့သော သင်တန်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည့် သင်တန်းသားများနှင့် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံအတွေ့အကြုံများ ဖလှယ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးတက်လာကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ကဏ္ဍဖြစ်သည့်အတွက် တက်ရောက်ခဲ့သည့် သင်တန်းသားများအနေဖြင့်သင်ယူလေ့လာရရှိခဲ့သော အတွေ့အကြုံဗဟုသုတများကို မိမိတို့လုပ်ငန်းနယ်ပယ်တွင် လက်တွေ့ကျကျ ပြန်လည်အသုံးချခြင်းဖြင့် နိုင်ငံ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ပေးအပ်လျက်ရှိသော သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားဟောင်းများက သင်တန်းများ ဖွင့်လှစ်ပေးခဲ့မှုအတွက် ကျေးဇူးတင်စကားပြောကြားကြသည်။

အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေး

ပေါင် အောက်တိုဘာ ၁၃

မွန်ပြည်နယ် ပေါင်မြို့နယ် အထက(ပေါင်)၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ပြည်နယ်ရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးဖြိုးစိုးကြည်က ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုယ်ကျိုးနှင့် အများအကျိုးခွဲခြားတွေးတောခြင်း၊ လူမှုတန်ဖိုးတည်ဆောက်ခြင်း၊ မိမိကိုယ်တိုင်နှင့် အခြားအဖွဲ့အစည်းများကို တာဝန်ယူတတ်ခြင်း၊ အရေးကြီးသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်တတ်ခြင်းစသည့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ်၌ စားအုန်းဆီများ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေး



**ဇီးကုန်း အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ စားသုံးဆီလက်လီ/လက်ကားဆိုင်များသို့ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရေး၊ စာအုပ်စနစ်ဖြင့် ပြည်သူများလက်ဝယ်အရောက် အပြည့်အဝရရှိစေရန် ဌာနက လမ်းညွှန်ထားသော မှန်(၆)မှန်နှင့်အညီ ရောင်းချပေးစေရေး၊ ပြည်သူများအား နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လွတ်လပ်စွာ ဝယ်ယူနိုင်ရေး ဗီနိုင်းဖြင့် ချိတ်ဆွဲရောင်းချရန် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမင်းဆွေက ဦးဆောင်၍ ခရိုင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ စားအုန်းဆီများ၊ ဘူးသွတ်ဆီများကို အမှန်တကယ် ရောင်းချနေမှုအခြေအနေ၊ ဝယ်ယူမှုအခြေအနေများ၊ ရည်ညွှန်းဈေးနှင့်အညီ ပြန်ရောင်းဈေးနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းများမရှိစေရေးနှင့် တရားမဝင် ဘူးသွတ်ဆီများ ရောင်းချမှုမဖြစ်ပေါ်စေရေးအတွက် မြို့နယ်အတွင်းရှိ ကုန်စုံဆိုင်များကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**



# မီးဘေးကာကွယ်ရေး စက်သုံးဆီဆိုင်များ ကွင်းဆင်းစစ်ဆေး

အောင်လံ စက်တင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလမတိုင်မီ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစီးသော တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်ကာ မီးသတ်ဆေးဘူးများ အရန်သင့် ရှိ မရှိ၊ လျှပ်စစ်ဝိုင်ယာရိန်းများ စနစ်တကျ တပ်ဆင်ထားရှိမှု အခြေအနေများနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုံခြုံရေးစည်းကမ်းချက်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ရှင်းခန့်အောင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့ရှိ စက်ရုံမှူးနှင့် တာဝန်ခံများအား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၃

တိုင်းဒေသကြီးမှ သတ်မှတ်ရွေးချယ်ထားသည့် ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် ရော်ဘာထွက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများ စသည့်ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေး အမြဲမပြတ်စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယမန်နေ့ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။



ထို့ပြင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီးက မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးများ၊ ဦးစီးဌာနမှူး၊ တာဝန်ခံများနှင့် တွေ့ဆုံပြီး ရန်ကုန်တိုင်းဒေသကြီးသည် စက်မှုဇုန်နှင့် စက်မှုလုပ်ငန်းများ ပေါများစွာတည်ရှိသဖြင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ဆေးကြပ်မတ်ထိန်းကျောင်းသည့် လုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ရလဒ်ကောင်းများ ထွက်ရှိအောင် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူး၊ ဦးစီးဌာန လုပ်ငန်းတာဝန်ခံများက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံ၊ ဦးစီးဌာနအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ပြည် အောက်တိုဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ထမ္မကောက်ကျေးရွာအုပ်စု၌ တောင်သူ ဦးအောင်ကို၏ ဆီထွက်ပဲပုပ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဆီထွက်ပဲပုပ်အား တစ်ကွင်းတစ်ဆက်တည်း တိုးချဲ့စိုက်ပျိုးရန်နှင့် သဘာဝရွက်ဖုံးမြေဩဇာ သုံးစွဲနိုင်ရေး တိုက်တွန်းပြောကြားသည်။



## ကြည့်ရှုအားပေး

ထို့နောက် အနောက်လက်ခုပ်ပင် ကျေးရွာအုပ်စု၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ထုတ်လုပ်ထားသည့် နေရောင်ခြည် စွမ်းအင်သုံး လက်တွန်းထွန်စက်ဖြင့် တွဲဖက်သုံး သီးနှံမျိုးစုံ မျိုးစေ့ချစက် စမ်းသပ် မောင်းနှင်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ KK3 ကြံစိုက်ခင်း အောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်မြို့ ဂန္ဓမာ စက်မှုဇုန်ရှိ ဦးမျိုးသန့်၏ “ရွှေကြက်ဖကြီး” တိရစ္ဆာန်အစာထုတ်လုပ်ရေးအလုပ်ရုံနှင့် နဝဒေး စက်မှုဇုန်ရှိ ဦးပီတူး၏ ပဲခွဲစက် လည်ပတ်နေမှုနှင့် တိုးချဲ့စက်တပ်ဆင်နေမှု၊ စွန့်ပစ်ပလတ်စတစ်ပစ္စည်းများဖြင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုးထုတ်လုပ်လျက်ရှိသော လုပ်ငန်းရှင် ဦးဇေယျာထွန်း၏ “ရွှေလိပ်ပြာ” အလုပ်ရုံတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ် (ပြည်)သို့ ရောက်ရှိပြီး ပါမောက္ခချုပ် ဆရာမကြီးက ကွန်ပျူတာတက္ကသိုလ်(ပြည်)၏ အချက်အလက်များ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေး၍ အားကစားပစ္စည်းများ ပေးအပ်ခဲ့သည်။ ထို့နောက် စာကြည့်တိုက်၊ သင်ကြားရေးခန်းနှင့် ကွန်ပျူတာတက္ကသိုလ် (ပြည်)မှ ဆောင်ရွက်ထားသည့် Project များကို လှည့်လည်ကြည့်ရှု အားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး၌ သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ဆွေးနွေး

ပဲခူး အောက်တိုဘာ ၁၃

ပဲခူးတိုင်းဒေသကြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနတွင် အောက်တိုဘာ ၁၀ ရက်က သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေး ဆွေးနွေးပွဲပြုလုပ်သည်။

ဆွေးနွေးပွဲတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေးနှင့် စံပြသမဝါယမအသင်းများ ပေါ်ပေါက်လာရေးတို့အတွက် ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ စာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးကြပြီး သမဝါယမအသင်းများအတွက် ပြုပြင်ပြောင်းလဲရန် ဦးတည်ချက် (၅) ရပ်အကြောင်း တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးကြသည်။

အခမ်းအနားသို့ သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ တိုင်းသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ ဦးစီးအရာရှိများနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



# ဒလမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)တံတားတည်ဆောက်ရေးမှ အင်ဂျင်နီယာချုပ် (မြို့ပြ)ဦးကျော်ကျော်ထွေးသည် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရွှေလှေချောင်-ညောင်ပင်လမ်းမှ အနိုးချောင်းကြီး ရွာအဝင်လမ်းပေါ်ရှိ ၁၂ မီတာ တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အဆိုပါလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေပြီး အဆိုပါလုပ်ငန်းပြီးစီးပါက အကျိုးပြုကျေးရွာ ခြောက်ရွာ၊ အိမ်ခြေ ၁၂၇၆ အိမ်၊ လူဦးရေ ၄၇၅၇ ဦး ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ပြည်သူများအား ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြစဉ်။ ခင်ခင်မာ(ပြန်/ဆက်)



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ....

အောင်ကျော်မိုး(ငြိမ်းချမ်းရေး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ချုပ်ဆိုခဲ့သည်မှာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် (၁၁) နှစ်မြောက်တိုင်တိုင်ရှိပြီဖြစ်ပါသည်။ NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ "ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" From Peace, Social Cohesion to Development ဆောင်ပုဒ်နှင့်အညီ အနှစ်သာရရှိရှိ ကျင်းပသွားမည်ဖြစ်ပါသည်။

## အထင်ကရစာချုပ်တစ်ခုအဖြစ် ယနေ့ထက်တိုင် တည်ရှိနေ

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် ဆိုးမွေအဖြစ် ပြည်တွင်းပဋိပက္ခများ ယှဉ်တွဲပါလာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသဖြင့် ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုများတွင် ဒီမိုကရေစီ ပထမအစိုးရလက်ထက်က အကောင်အထည်ဖော်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် အထင်ကရ စာချုပ်တစ်ခုအဖြစ် ယနေ့ထက်တိုင် တည်ရှိနေပါသည်။

NCA စာချုပ်ဖော်ဆောင်မှုအစမှာ ဒီမိုကရေစီ ပထမအစိုးရကာလ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်မှအစပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါသည်။ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် ကြားကာလတွင် အစိုးရနှင့် EAO အဖွဲ့ ၁၅ ဖွဲ့သည် နှစ်ဖက်သဘောတူ အပစ်ရပ်စာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် EAO အဖွဲ့များ၏ အဓိကညှိနှိုင်းဆွေးနွေးရေးအဖွဲ့အဖြစ် EAO ၁၆ ဖွဲ့ ပါဝင်သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ Nationwide Ceasefire Coordination Team–NCCT ကို ဖွဲ့စည်းခဲ့ပြီး NCA(မူကြမ်း)ကို ရေးဆွဲနိုင်ခဲ့ပါသည်။ အစိုးရမှ Myanmar Peace Center– MPC နှင့် NCCT အဖွဲ့တို့သည် ၂၀၁၄ ခုနှစ် မတ်လမှ ၂၀၁၅ ခုနှစ် မတ်လအထိ NCA(မူကြမ်း) ရရှိရေးအတွက် ခုနစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အခန်း (၇)ခန်း၊ အပိုဒ် (၃၃) ပိုဒ်ပါ သဘောတူစာချုပ် (အတည်ပြုမူကြမ်း)ကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့ပါသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် EAO အဖွဲ့ (၈)ဖွဲ့နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် EAO အဖွဲ့နှစ်ဖွဲ့ စုစုပေါင်း အဖွဲ့ (၁၀)ဖွဲ့အထိ အကောင်အထည်ဖော် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်ခဲ့သည့်နေ့မှစတင်ကာ NCA စာချုပ်ရရှိသည်အထိ ရက်ပေါင်း ၁၄၅၀ ကြာမြင့်ခဲ့ပြီး ထိုကာလအတွင်း အစည်းအဝေးများ၊ တွေ့ဆုံညှိနှိုင်းမှုများ စုစုပေါင်းအကြိမ်ရေ ၅၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ကြရပါသည်။

**❝ဒီဂျစ်တယ်ပလက်ဖောင်းအား တည်ထောင်ခြင်းအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာဒေသများတွင် ဖြစ်ပေါ်နေသောစိန်ခေါ်မှုများကို ထိရောက်စွာဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ဆောင်နိုင်မည်ဖြစ်သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှောင့်ယှက်ဖျက်ဆီးနိုင်သည့် ဒီဂျစ်တယ်အန္တရာယ်များနှင့် သတင်းတု၊ သတင်းမှားများကို ထိရောက်စွာ တားဆီးတိုက်ဖျက်ကာ လူမှုသဟဇာတတိုးတက်ရေးကို အထောက်အကူပေးနိုင်မည်❞**

NCA သည် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် သက်သက်မျှသာမဟုတ်ဘဲ လက်ရှိငြိမ်းချမ်းရေးဆွေးနွေးပွဲများ လုပ်ဆောင်နေသည့် လုပ်ငန်းမူဘောင်တစ်ခုလည်းဖြစ်ပါသည်။ NCA စာချုပ်သည် လွယ်လွယ်ကူကူ ဖြစ်လာခဲ့ခြင်းမဟုတ်ဘဲ နှစ်ပေါင်းများစွာ ဖြစ်တည်လာခဲ့သည့် သံသယများ၊ အမုန်းတရားများ၊ အာဃာတတရားများကို ရိုးသားဖြူစင်မှု၊ စိတ်ရှည်သည်းခံမှု၊ နားလည်ပွင့်လင်းမှု၊ အပြန်အလှန်လေးစားမှုတို့နှင့် အချိန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ထိုသို့ခိုင်မာသည့် စာချုပ်တစ်ခု၏ တန်ဖိုးအနှစ်သာရကို ပိုမိုပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပါသည်။ NCA စာချုပ်သည် ငြိမ်းချမ်းရေး၏ မှန်ဦးတံခါးဝတစ်ချပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်သွားမည်မဟုတ်ပါ။

## သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားရမည်

**NCA ၏ အနှစ်သာရသည် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှရှိမှုနှင့် တရားမျှတမှုတို့ကိုအခြေခံ၍ ပြည်ထောင်စုစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိသော ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်ကိုအခြေခံကာ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်ရန်ပင်ဖြစ်ပါသည်။ NCA စာချုပ်တွင် လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားပြည်သူအားလုံးကလည်း နှိုးဆော်တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှုများကို တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားရမည်ဖြစ်ပါသည်။**

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ရက် ၁၀၀ စီမံချက်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ သတ်မှတ်ကြေညာခဲ့ပြီး ဦးစားပေးဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စရပ်များအား အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ငြိမ်းချမ်းရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ဧပြီလ ၁၁ ရက်နေ့တွင် ယခင်ဖွဲ့စည်းထားသည့် National Solidarity and Peace–making Central Committee – NSPCC၊ National Solidarity and Peace–making Working Committee – NSPWC နှင့် National Solidarity and Peace–making Negotiation Committee–NSPNC ကော်မတီသုံးရပ်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ကော်မတီများဖွဲ့စည်းမှုနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးဖိတ်ခေါ်ကာ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေး ဆောင်ရွက်နိုင်ရန်အတွက် တရားဝင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရသစ်၏လမ်းစဉ်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ရှေ့လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့်အဖွဲ့များသာမက လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့များကိုပါ တွေ့ဆုံဆွေးနွေးရန် တံခါးအမြဲဖွင့်လှစ်ထားရှိခဲ့ပါသည်။

အဆိုပါဖိတ်ခေါ်ချက်များနှင့်အတူ NSPNC အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် စုစုပေါင်း ၅၃ ကြိမ်တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးကိုရှေးရှုသည့် လုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ ဆွေးနွေးညှိနှိုင်းကာ ပကတိ မြေပြင်အခြေအနေလိုအပ်ချက်များနှင့် ကိုက်ညီသည့် ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်လှိုင်က ၂၀၂၆ ခုနှစ် ဧပြီလ ၁၇ ရက်တွင် နှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားပြောကြားရာ၌ "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အစိုးရအနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း တစိုက်မတ်မတ်အလေးထား ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ငြိမ်းချမ်းရေးပန်းတိုင်ဟာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ ပဋိပက္ခတွေကြောင့် အလှမ်းဝေးနေဆဲဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံမှာဖြစ်ပေါ်ခဲ့ရတဲ့ ထိခိုက်ဆုံးရှုံးမှုတွေကို ထောက်ရှုပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းအားလုံး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး နိုင်ငံရေးလမ်းကြောင်းကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ထာဝရဖွင့်ထားပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြွက်ကြားခဲ့ပါသည်။

ထိုကဲ့သို့ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းပြောကြားချက်များကို ကြည့်ရှုခြင်းအားဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) အနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုပေါ်ထွန်းရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအသိုက်အဝန်းတည်ဆောက်ရန် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလိုလားသူ အဖွဲ့အစည်းများအား ကြိုတင်ကန့်သတ်ချက်များမထားဘဲ တွေ့ဆုံဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးဆိုင်ရာ အခမ်းအနားများ၊ ငြိမ်းချမ်းရေးစကားဝိုင်းများ၊ ဖိုရမ်များ ကျင်းပပြုလုပ်၍ အကျိုးရလဒ်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ပြုလုပ်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်မှုများထဲတွင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆) ကို ၁၃–၁–၂၀၂၆ ရက်မှ ၁၅–၁–၂၀၂၆ ရက်အထိ ခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့ရာ ဖိုရမ်အပြီးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုမှုနှင့် လုပ်ငန်းစီမံကိန်းများ ဆက်လက်ဆောင်ရွက်လိုသည့်ဆန္ဒများကို ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရပါသည်။

**❝တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်ခွင့်လွှတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဘုံရည်မှန်းချက်များအပေါ် အတူတကွ ရပ်တည်ခြင်းတို့က လူမှုအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုကို ခိုင်မာစေမည်ဖြစ်ပါသည်။ လူမှုသဟဇာတဖြစ်မှုအားကောင်းလာသည်နှင့်အမျှ ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအဖြစ်သို့ ကူးပြောင်းမြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် လူမှုသဟဇာတဖြစ်မှုတို့၏ အသီးအပွင့်ကို တိုက်ရိုက်ခံစားရရှိစေနိုင်သည့်အရာမှာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု အကောင်အထည်ပေါ်လာမှသာ ပြည်သူလူထု၏ လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများကို အဟန့်အတားမရှိ ထိရောက်စွာ ဆောင်ရွက်နိုင်မည်❞**

စာမျက်နှာ ၁၁ သို့ ◆

## မပြတ်ထိတွေ့ ဆက်ဆံရင်း အတူလက်တွဲ နေထိုင်ခြင်း

● ဘိုး ဘေး ဘီ ဘင်၊ သမိုင်းစဉ်ဆက်
လက်ဆင့်ကမ်းအမွေ၊ "အမိမြေ"ကို
ချစ်ဆွေ တန်ဖိုးထားပါလျှင် . . ။

● ဤမြေမှာ နေ၊ ဤရေကို သောက်
လူလားမြောက်လာ၊ သင်, သူ, ငါ တို့
"မြန်မာပြည်ဖွား၊ တိုင်းရင်းသား"ဟု
ခံစား မြတ်နိုးတတ်ပါလျှင် . . ။

● သွားလမ်းလည်း သာ၊ လာလမ်းလည်း ဖြောင့်
အမှောင့်လည်း ကင်း၊ အေးချမ်းခြင်းနဲ့
ရင်းနှီးပေါင်းသင်း၊ ဒို့တိုင်းရင်းတို့
ချင်းချင်း ချစ်ကြည်နေပါလျှင် . . ။

● ဒို့မြန်ပြည်ကြီး၊ ရှေ့ခရီးသည်
"အသီးတစ်ရာ အညှာတစ်ခု"
ပြည်ထောင်စု ပုံ ပြီးပြည့်စုံလျက်
လုံးစုံပြည်သူ ချမ်းမြေ့လိမ့်။

● ခပ်သိမ်းပြည်သူ၊ ဆန္ဒတူစွာ
လူတိုင်းမြော်တွေး၊ ငြိမ်းချမ်းရေးကို
ပေးစွမ်းနိုင်ဖို့ ကြိုးပမ်းစို့။

● ညီ ဆွေ နောင် ဖွား၊ တိုင်းရင်းသားကြား
ခွဲခြား အသွင်၊ ကွဲပြား မြင်သမျှ
သူ့အထင် ကိုယ့်အတွေး
ကိုယ့်အရေး သူ့အခရာ
သူ့ဝေဒနာ ကိုယ့်ဒုက္ခ
ဖြစ်သမျှ အရာ၊ ပွင့်လင်းစွာနဲ့

"တွေ့ကာဆုံရင်း၊ ဆွေးနွေးခြင်းဖြင့်
ညှိနှိုင်းကြရင်း၊ စေ့စပ်ခြင်းဖြင့်
ခွင့်လွှတ် ရိုင်းပင်း၊ လက်ခံခြင်းဖြင့်"
သွေးရင်း အသိ၊ စိတ်ထားရှိလျက်
မိသားစု ပမာ၊ အသိ အကြားပြုကာ
ပြည်မှုရေးရာ၊ အဖြာဖြာကို
စာနာမျှဝေ အချင်းချင်း။
မပြတ်ထိတွေ့ ဆက်ဆံရင်း။
အတူလက်တွဲ နေထိုင်ခြင်း။
စစ်မက်ကင်းသည့် ငြိမ်းချမ်းခြင်း။
လက်ငင်းဆောင်ကြဉ်း နောင်ညီရင်း။ ။

NCA (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့
အထိမ်းအမှတ်

**မျိုးမြတ်မြတ်မြင့်မောင်**

◆ စာမျက်နှာ ၁၀ မှ

ဖိုရမ်မှ အကြံပြုချက် ၃၀ ရရှိခဲ့ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ အွန်လိုင်းပေါ်တွင် ပညာ သင်ကြားနိုင်သည့် **"ဒီဂျစ်တယ်သင်ကြားရေး ပလက်ဖောင်း"**တစ်ရပ် ထူထောင်သင့်သည်ဟူသည့် အကြံပြုချက်အား အကောင်အထည်ဖော်နိုင်ရန် အတွက် လူငယ်များ ဘေးကင်းလုံခြုံစွာပါဝင်နိုင်ပြီး ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများတွင် အသုံးပြုနိုင်မည့် **"လူငယ်ငြိမ်းချမ်းရေးကွန်ရက် ဒီဂျစ်တယ် ပလက်ဖောင်း" (Youth Peace Network Digital Platform)** တစ်ရပ်ကို ရေးဆွဲတည်ဆောက်လျက် ရှိပါသည်။

**ဒီဂျစ်တယ်ပလက်ဖောင်းအား တည်ထောင် ခြင်းအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများရှိရာဒေသများတွင် ဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ထိရောက်စွာဖြေရှင်းနိုင်မည့် နည်းလမ်းများ ဖော်ဆောင်နိုင်မည်ဖြစ်သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှောင့်ယှက်ဖျက်ဆီး နိုင်သည့် ဒီဂျစ်တယ်အန္တရာယ်များနှင့် သတင်းတု၊ သတင်းမှားများကို ထိရောက်စွာ တားဆီးတိုက်ဖျက် ကာ လူမှုသဟဇာတတိုးတက်ရေးကို အထောက် အကူပေးနိုင်မည်ဖြစ်ပါသည်။**

ထိုပလက်ဖောင်းသည် တိုင်းရင်းသား **လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသရှိ** လူငယ် များအကြား နိုင်ငံတော်၏ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုနှင့် အားကိုးမှု များကို ခိုင်မာစွာဖြစ်ထွန်းလာစေပြီး နိုင်ငံတော်၏ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်များကို များစွာ အထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။

**ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်မှုနှင့် ဖွံ့ဖြိုး တိုးတက်မှုတို့သည် သီးခြားစီတည်ရှိနေခြင်း မဟုတ်ဘဲ တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲ ပြုနေသည့် ဒေါက်တိုင်များသာဖြစ်ပါသည်။ စစ်မှန် သောငြိမ်းချမ်းရေးသည် သေနတ်သံများ တိတ်ဆိတ် သွားသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအဆင့်မျှ သာမဟုတ်ဘဲ လူမှုအသိုက်အဝန်းအတွင်း အပြန် အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် တန်းတူညီမျှမှု တို့ကို အခြေခံသည့် လူမှုသဟဇာတဖြစ်မှုရှိမှသာ လျှင် ရေရှည်ခိုင်မာစွာ အမြစ်တွယ်နိုင်မည် ဖြစ်ပါသည်။ လူမှုသဟဇာတဖြစ်မှုလျော့နည်းသည့် လူ့အဖွဲ့အစည်းတစ်ခုတွင် မတူကွဲပြားမှုများမှတစ်ဆင့် ပဋိပက္ခများ ပြန်လည်စိမ့်ဝင်လာနိုင်သကဲ့သို့ ငြိမ်းချမ်းရေးကင်းမဲ့နေသည့် ပတ်ဝန်းကျင်တွင်လည်း ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် လူမှု စီးပွားဘဝများ စနစ်တကျ တိုးတက်လာရေးအတွက် စီမံဆောင်ရွက်ရန်မှာ လွန်စွာမှခက်ခဲလှပါသည်။**

လူမှုသဟဇာတဖြစ်မှုသည် ငြိမ်းချမ်းရေး ဖြစ်စဉ်၏ ပင်မစွမ်းအားပင်ဖြစ်ပေသည်။ မတူ ကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ၊ ဘာသာ စကားများ၊ ကိုးကွယ်ယုံကြည်မှုများနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ စုစည်းတည်ရှိနေသည့် မိမိတို့ ပြည်ထောင်စုနိုင်ငံတော်အတွင်း၌ ပဋိပက္ခ၏ အဓိကဇာစ်မြစ်ဖြစ်သော သံသယများကို ကျော်လွှား နိုင်ရန်အတွက် လူမှုသဟဇာတဖြစ်မှုကို တည်ဆောက် ခြင်းမှလွဲ၍ အခြားမရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါ သည်။

တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည် ခွင့်လွှတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဘုံရည်မှန်းချက်များအပေါ် အတူတကွ ရပ်တည်ခြင်း တို့က လူမှုအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုကို ခိုင်မာစေမည်ဖြစ်ပါသည်။ လူမှုသဟဇာတဖြစ်မှု အားကောင်းလာသည်နှင့်အမျှ ငြိမ်းချမ်းရေးဖြစ်စဉ် သည်လည်း ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအဖြစ်သို့ ကူးပြောင်းမြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်း ရေးနှင့် လူမှုသဟဇာတဖြစ်မှုတို့၏ အသီးအပွင့်ကို တိုက်ရိုက်ခံစားရရှိစေနိုင်သည့်အရာမှာ ရေရှည် တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ပါ သည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု အကောင် အထည်ပေါ်လာမှသာ ပြည်သူလူထု၏ လူမှုစီးပွား ဘဝ မြှင့်တင်ရေးလုပ်ငန်းများကို အဟန့်အတားမရှိ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးဆိုသည်မှာ သတ်မှတ်ပြဋ္ဌာန်း ထားသည့်အရာမဟုတ်ပါ။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှု များမှတစ်ဆင့် ရရှိပေါက်ဖွားလာသည့်အရာဖြစ်ပါ သည်။ ထို့ကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးက မိမိတို့၏လိုလားချက်များကို နိုင်ငံရေး နည်းလမ်းနှင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေးကို အားပေး ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်တွင် အတူ တကွ လက်တွဲလျှောက်လှမ်းကြရေး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန် မဖြစ်မနေ လိုအပ်ပါသည်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေး နိုင်ရန် ကိုယ်စီတာဝန်ရှိကြပေသည်။

### အလုပ်ရုံဆွေးနွေးပွဲတွင်
### ဝိုင်းဝန်းဆွေးနွေး ဖော်ထုတ်ကြမည်

NCA လက်မှတ်ရေးထိုးပြီးနောက်တွင် NCA နှစ်ပတ်လည်နေ့များအား ဂုဏ်ယူစွာဖြင့် ကျင်းပ လာခဲ့သည်မှာ ယခုဆိုလျှင် NCA (၁၁) နှစ်မြောက် တိုင်ပြီဖြစ်ပါသည်။ သို့ဖြစ်လေရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား၌ **"ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုး တိုးတက်ရေးဆီသို့ (From Peace, Social Cohesion to Development)"** ခေါင်းစဉ်ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲတွင် NSPNC အကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များနှင့် ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ပါဝင်တက်ရောက်၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ ယုံကြည်မှုတည်ဆောက်ရေးနှင့် နိုင်ငံရေးဆွေးနွေးမှု ပတ်ဝန်းကျင်ပိုမိုကျယ်ပြန့်လာ စေရေးအတွက် နည်းလမ်းများအား ဝိုင်းဝန်း ဆွေးနွေးဖော်ထုတ်ကြမည်ဖြစ်ပါသည်။

ထို့ပြင် ပဋိပက္ခဒေသများ တည်ငြိမ်အေးချမ်း ရေးနှင့် လူမှုသဟဇာတဖြစ်စေရေးအတွက် လက်တွေ့ ကျသော ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဒေသတွင်းစီးပွားရေး၊ အသက်မွေးဝမ်းကျောင်းနှင့် လူသားချင်းစာနာမှုအကူအညီများ ထိရောက်စွာ ပံ့ပိုးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုပါ ထည့်သွင်း ဆွေးနွေးနိုင်မည့်အခင်းအကျင်းများကို ကျင်းပ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

"NCA အတွေ့အကြုံများကို အခြေခံ၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ယုံကြည်မှုတည်ဆောက် ရေးနှင့် လူမှုသဟဇာတဖြစ်ထွန်းရေးမှတစ်ဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း" Theme ဖြင့် **"NCA မှ အတွေ့အကြုံ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်၍ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နည်းလမ်း များဖော်ထုတ်ရန်၊ သက်ဆိုင်သူများအကြား နိုင်ငံရေး ဆိုင်ရာ ယုံကြည်မှုများ ပြန်လည်တည်ဆောက်ရန်၊ ပဋိပက္ခဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် လူမှု သဟဇာတဖြစ်ရေးအတွက် သက်ဆိုင်ရာအစုအဖွဲ့ များအကြား လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက် ရန်၊ ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာမှုအကူအညီများကို ထိရောက်စွာ ချိတ်ဆက်ပံ့ပိုး ဆောင်ရွက်နိုင်ရန်၊ နိုင်ငံရေးပြဿနာ ကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်အောင်မြင် စေရန်"** စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် အောက်တိုဘာလ ၁၅ ရက် မွန်းလွဲပိုင်းမှ ၁၆ ရက် နေ့အထိ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပဆောင်ရွက် သွားမည်ဖြစ်ပါသည်။

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို များစွာအထောက် အပံ့ပြုနိုင်မည့် ထိရောက်သည့်ငြိမ်းချမ်းရေး ဆွေးနွေးမှုများမှတစ်ဆင့်သာ ဒေသတွင်းတည်ငြိမ် ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင် မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အနေဖြင့် အနာဂတ်နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ကို တည်ဆောက်နိုင်ရန်အတွက် ငြိမ်းချမ်းရေး၏တန်ဖိုး ကိုအလေးထားကာ အတူတကွ ကြိုးပမ်းဆောင်ရွက် ကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း NCA (၁၁)နှစ် မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသား ဖော်ပြအပ်ပါသည်။ ။

**✲ M-League မှ**

အတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၂၁ မိနစ်တွင် စောအောင်မျိုးက သစ္စာအားမာန်အသင်းအတွက် ချေပဂိုးပြန်သွင်းသဖြင့် ပထမပိုင်း အပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းအစ ၅၁၊ ၅၅ မိနစ်တွင် အသင်းခေါင်းဆောင် အောင်မြတ်သာက Galaxy အသင်းအတွက် နှစ်ဂိုးဆက်သွင်းယူခဲ့ပြီး ၇၂ မိနစ်တွင် စောအောင်မျိုးက သစ္စာအားမာန် အသင်းအတွက် ချေပဂိုးတစ်ဂိုးသာပြန်သွင်းနိုင်သဖြင့် Galaxy အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် ၁၉ နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ဒဂုံကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအသင်း၊ သီဟဒီပကွင်း၌ မြဝတီအသင်းနှင့် စစ်ကိုင်း ယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-ML**

## လှိုင်ကော်မြို့၌ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၁၃**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို သဘာဝဘေးအန္တရာယ် ကြောင့် လူ့အသက်၊ အိုးအိမ်၊ စည်းစိမ်၊ အသက်မွေး ဝမ်းကျောင်းလုပ်ငန်း၊ စီးပွားရေးနှင့် အခြေခံ အဆောက်အအုံ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချ နိုင်ရန် အသိပညာမြှင့်တင်ခြင်း၊ ပူးပေါင်းဆောင်ရွက် ခြင်းနှင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ပိုမိုအလေး ထားဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ် ကြောင်း ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယဆုရရှိသူများ၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက တတိယဆုရရှိသူများ အား ဂုဏ်ပြုမှတ်တမ်းနှင့် ချီးမြှင့်ငွေများ ပေးအပ် ချီးမြှင့်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝ ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အတွက် UNDRR ၏ သတင်းစကားဗီဒီယိုနှင့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကို ကြည့်ရှုကြပြီး အထိမ်းအမှတ်နေ့ ခင်းကျင်းပြသထားသော ပြခန်းငယ်အား လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






## မုံရွာမြို့၌ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မုံရွာ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် အပြည်ပြည် ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပ သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် အပြည်ပြည် ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာရုပ်သံ ဖိုင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု မှတ်တမ်း ဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချ ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့် ကျောင်းသူများအား ဂုဏ်ပြု ချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ် ချီးမြှင့်ကြသည်။

ထို့ပြင် ခန်းမအတွင်း ခင်းကျင်းပြသထားရှိသည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ တိုင်းဒေသကြီးအတွင်း သဘာဝ ဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ အသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ ကူညီကယ်ဆယ် ရေးပစ္စည်းများအား လိုက်လံကြည့်ရှုကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီး တရားသူကြီး ချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသ ကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင် များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မကွေးမြို့၌ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မကွေး အောက်တိုဘာ ၁၃**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် အပြည်ပြည် ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး နေ့ အထိမ်းအမှတ် မှတ်တမ်း ဗီဒီယိုကိုပြသပြီး မကွေးတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော အပြည် ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်များအား လိုက်လံ ကြည့်ရှုပြီး အယ်လ်နီညိုအန္တရာယ် ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ ပေးသည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုနှစ်အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ် မှာ "Resilience Starts at Home" "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ် များမှ စတင်စို့"ဖြစ်ပြီး မိသားစု တစ်စုချင်းစီမှအစပြု၍ သဘာဝ ဘေးဆိုင်ရာ အသိပညာများရရှိ ကာ မိမိနေအိမ်နှင့် ရပ်ရွာအတွင်း ထိခိုက်ဆုံးရှုံးမှုများ လျှော့ချနိုင် ရေးကို ရည်ရွယ်ပါကြောင်း၊ သဘာဝ ဘေးအန္တရာယ်ကို ကြိုတင်တားဆီး၍ မရနိုင်သော် လည်း စီမံခန့်ခွဲမှုနှင့် ကြိုတင် ပြင်ဆင်မှုကောင်းမွန်ပါက ဆုံးရှုံး မှုများ လျှော့ချနိုင်မည်ဖြစ်သဖြင့် ဗဟိုမှစ၍ မြို့နယ်အဆင့်အထိ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထား ပြီး မိမိတို့ကျရာကဏ္ဍမှ မိမိတို့ နေအိမ်မှစတင်ကာ ဘေးဒဏ် ခံနိုင်ရည်ရှိသော လူ့အသိုင်းအဝိုင်း ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ကြရန် တိုက်တွန်းပြောကြား သည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## စစ်တွေမြို့၌ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**စစ်တွေ အောက်တိုဘာ ၁၃**

၂၀၂၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေ လျှော့ချရေးနေ့အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ် များမှ စတင်စို့" "Resilience Starts at Home" ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဘေးဒဏ် ကြံ့ကြံ့ခံနိုင်သည့် လူမှုအသိုက် အဝန်းတစ်ခု ပေါ်ပေါက်လာစေ ရန် အစိုးရဌာနဆိုင်ရာများ၊ လူမှု အဖွဲ့အစည်းများ၊ NGO/INGOs များနှင့် ဒေသခံပြည်သူများ အားလုံး ဝိုင်းဝန်းပူးပေါင်း၍ ယခုနှစ် ဆောင်ပုဒ်အတိုင်း "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ် များမှစတင်စို့"ဟု ရခိုင်ပြည်နယ် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးက တိုက်တွန်း ပြောကြားသည်။




ဆက်လက်၍ အပြည်ပြည် ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချ ရေးနေ့အထိမ်းအမှတ် ကုလသမဂ္ဂ ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင် ခြေလျှော့ချရေးရုံး၏ သဝဏ်လွှာ Video Clip ကိုပြသပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌတို့က အပြည် ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်၍ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကို ပြသ သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ် နှင့်အဖွဲ့သည် ခန်းမအတွင်းရှိ အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် ခင်းကျင်း ပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တရုတ်နိုင်ငံထုတ်ထရပ်ကားများ ဇင်ဘာဘွေ၌ ခေတ်စား

**ဟာရာရီ အောက်တိုဘာ ၁၃**

ဇင်ဘာဘွေနိုင်ငံ၌ ကျင်းပသည့် တရုတ်-ဇင်ဘာဘွေ လူသုံးကုန်ပြပွဲနှင့် အလုပ်အကိုင်ဆိုင်ရာ ပွဲတော်တွင် တရုတ်နိုင်ငံမှထုတ်လုပ်သည့် ထရပ်ကားများသည် ပြပွဲလာရောက်သူများအကြား စိတ်ဝင်စားမှုမြင့်တက်ခဲ့ကြောင်း သိရသည်။ ဇင်ဘာဘွေနိုင်ငံမြို့တော် ဟာရာရီတွင် သုံးရက်ကြာကျင်းပခဲ့သည့် အဆိုပါပြပွဲသည် အောက်တိုဘာ ၁၁ရက်တွင် ကျင်းပပြီးစီးခဲ့ပြီး တရုတ်နိုင်ငံမှ အရည်အသွေး ယုံကြည်စိတ်ချရသည့် လုပ်ငန်းသုံးကားများအပေါ်တွင် ဒေသခံများ၏ ဝယ်လိုအားမြင့်တက်ခဲ့ကြောင်း သိရသည်။



Shacman၊ Howo၊ Foton နှင့် Dongfeng စသည့် တရုတ်ထရပ်ကား အမှတ်တံဆိပ်များသည် ဇင်ဘာဘွေနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ သယ်ယူပို့ဆောင်ရေး၊ သတ္တုတွင်း၊ ဆောက်လုပ်ရေးနှင့် ခရီးဝေးကုန်စည်သယ်ယူပို့ဆောင်ရေး ကဏ္ဍများတွင် နေရာယူထားကြပြီး နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါပြပွဲသည် လုပ်ငန်းသုံးယာဉ်တင်သွင်းသူများအတွက် စီးပွားရေးဆိုင်ရာ ဆက်သွယ်မှုများ တည်ဆောက်ရန်နှင့် ဖြစ်နိုင်ခြေရှိသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ရှာဖွေလေ့လာရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်စေခဲ့သည်။

**ဈေးကွက်အတွင်းကျော်ကြား**

တရုတ်နိုင်ငံထုတ်ထရပ်ကားများသည် ဒေသတွင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် သုံးစွဲရန် သင့်တော်သဖြင့် ဈေးကွက်အတွင်း ကျော်ကြားနေကြောင်း Shacman ကားထုတ်လုပ်ရေးလုပ်ငန်းမှ အရောင်းမန်နေဂျာ ဟန်ဇီဟိုင်က ပြောကြားသည်။

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ထရပ်ကားများသည်ကြံ့ခိုင်မှုရှိသည့်အတွက် ကြိုက်နှစ်သက်ကြောင်းနှင့် ထရပ်ကားတစ်စီးအတွက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း အင်ဂျင်ဖွင့်ရန် မလိုအပ်ကြောင်း ဇင်ဘာဘွေလယ်သမားတစ်ဦးက ပြောကြားသည်။

**ဆင်ဟွာ**

# တရုတ်ဘာသာစကားတတ်ကျွမ်းမှုကြောင့် နမီးဘီးယားတက္ကသိုလ်ကျောင်းသားများအတွက် အလုပ်အကိုင်များရရှိရန် အခွင့်အလမ်းရှိလာ

**ဝင်းဒေါ့ခ် အောက်တိုဘာ ၁၃**

အာဖရိကဒေသရှိ နမီးဘီးယားတက္ကသိုလ်တွင် တရုတ်ဘာသာစကားတတ်ကျွမ်းသူများအတွက် အလုပ်အကိုင်ရှာဖွေရေးပွဲတော်တစ်ရပ်အား ပထမဆုံးအကြိမ်အဖြစ် အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ လုပ်ငန်း ၃၀ ခန့်ပါဝင်သည့် အဆိုပါပွဲတော်သည် နမီးဘီးယားတက္ကသိုလ်ကျောင်းသားများနှင့် ဘွဲ့ရများအား ၎င်းတို့၏ တရုတ်ဘာသာစကား တတ်ကျွမ်းမှုအပေါ်မူတည်၍ အလုပ်အကိုင်ရရှိမည့် ပွဲတော်တစ်ရပ်လည်းဖြစ်သည်။

နမီးဘီးယားတက္ကသိုလ် ကွန်ဖြူးရှပ်အင်စတီကျူနှင့် ကမ္ဘာ့တောင်ဘက်ခြမ်း တရုတ်-အာဖရိက လေ့လာရေးစင်တာတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ယခုပွဲတော်သည် နမီးဘီးယားနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် တရုတ်စီးပွားရေးလုပ်ငန်းများအား ဒေသခံတရုတ်ဘာသာစကား ကျွမ်းကျင်သူများ၊ တရုတ်နိုင်ငံတွင် ပညာသင်ကြားခဲ့သည့် နမီးဘီးယားနိုင်ငံသားများနှင့် ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် အလုပ်အကိုင်ရှာဖွေရေးပွဲတော်သည် မိမိ၏ တရုတ်ဘာသာစကားတတ်ကျွမ်းမှုအား လက်တွေ့အသုံးချရန် အခွင့်အလမ်းတစ်ခုကို ပေးအပ်ခဲ့ကြောင်း နမီးဘီးယားတက္ကသိုလ်မှ ဘွဲ့ရတစ်ဦးဖြစ်သူ ဆွိုင်းနန်ဒါလမ်ဘီလီလ်ဝါက ပြောကြားသည်။

ယခုပွဲတော်သည် အလုပ်ရှာဖွေနေသည့် လူငယ်များနှင့် ကျောင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ အလုပ်အကိုင်ရှာဖွေရေးပွဲတော်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂလိကနှင့် နိုင်ငံပိုင်ကုမ္ပဏီများသည် သတ္တုတူးဖော်ရေး၊ ကုန်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း၊ လမ်းတံတားတည်ဆောက်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးကဲ့သို့သောကဏ္ဍများကို ကိုယ်စားပြုခဲ့ပြီး သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက အလုပ်အကိုင်အခွင့်အလမ်းများ၊ လက်တွေ့လုပ်ငန်းခွင်ဆိုင်ရာ လေ့လာသင်ယူခွင့်နှင့် ဘွဲ့ရများအတွက် လေ့ကျင့်သင်ကြားရေး အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံရှိ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းတွင် ဉာဏ်ရည်တုနည်းပညာဖြင့် စီမံခန့်ခွဲသည့်ဌာန ဖွဲ့စည်း

**တိုကျို အောက်တိုဘာ ၁၃**

ဂျပန်နိုင်ငံရှိ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း NEC သည် လူသားဝန်ထမ်းများမပါဝင်ဘဲ ဉာဏ်ရည်တုနည်းပညာဖြင့် စီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်သည့် ဌာနတစ်ခုအား စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဉာဏ်ရည်တုနည်းပညာအနေဖြင့် စီမံခန့်ခွဲရေးအပိုင်းတွင် မည်ကဲ့သို့အကူအညီပေးနိုင်သည်ကို လေ့လာရန် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါဌာနတွင် ဌာနအကြီးအကဲမှစတင်၍ ဝန်ထမ်းများအားလုံးသည် လူသားများမဟုတ်ဘဲ ဉာဏ်ရည်တုနည်းပညာဆိုင်ရာအေးဂျင့်များသာဖြစ်ပြီး ရာထူးနေရာ ၃၉ ခုရှိကာ တာဝန်ထမ်းဆောင်ရသည့်လုပ်ငန်းကဏ္ဍများအလိုက် ၎င်းတို့အား နာမည်များပေးထားကြောင်း သိရသည်။

အဆိုပါဉာဏ်ရည်တုနည်းပညာလုပ်သားများသည် မှတ်တမ်းများကို ပြင်ဆင်ပေးခြင်းနှင့် သတင်းအချက်အလက်များစုဆောင်းပေးခြင်းဖြင့် အဆုံးအဖြတ်ပေးသူများအား အထောက်အကူပြုကြောင်း သိရသည်။ ၎င်းတို့၏ လုပ်ငန်းတာဝန်များတွင် ဘဏ္ဍာရေးအခြေအနေကို လေ့လာသုံးသပ်ရန်အတွက် လစဉ်အရောင်းစာရင်းစစ်ဆေးခြင်းလုပ်ငန်းလည်း ပါဝင်သည်။

ဉာဏ်ရည်တုနည်းပညာဆိုင်ရာ လုပ်သားများသည် နေ့စဉ်မနက်တိုင်း ပြိုင်ဘက်ကုမ္ပဏီများ၏ သတင်းကိုလည်း စစ်ဆေးကြည့်ရှုခြင်းအား ဆောင်ရွက်ကြကြောင်း သိရသည်။ အဆိုပါဌာနအနေဖြင့် လုပ်ငန်းများ၏ တိုးတက်မှုကို စစ်ဆေးရန်နှင့် နောင်တွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို သုံးသပ်ရန် တစ်ပတ်လျှင်တစ်ကြိမ် အမှုဆောင်အစည်းအဝေး ပြုလုပ်ကြောင်း သိရသည်။

အေအိုင်ဝန်ထမ်းတစ်ဦးက ကွန်ပျူတာအတွင်းသို့ ဂဏန်းတစ်ခုကို ထည့်သွင်းရာတွင် အမှားအယွင်းဖြစ်သည့်အခါ၌ ထိုသို့ထပ်မံမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မည့်နည်းလမ်းများကို ဆွေးနွေးရန် အေအိုင်ကြီးကြပ်သူတစ်ဦးက အဆိုပါဝန်ထမ်းအား တွေ့ဆုံမေးမြန်းမှုပြုလုပ်ကြောင်း အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မိမိတို့လုပ်ငန်းအတွင်း အေအိုင်ဝန်ထမ်းများ၏ အခန်းကဏ္ဍများကို ချဲ့ထွင်လိုပြီး ယခုနှစ်အတွင်း အေအိုင်အေးဂျင့် ရာနှင့်ချီ ရှိလာစေလိုကြောင်း NEC ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှား၌ ပုစွန်ထုပ်သားပေါက် တရားမဝင် မှောင်ခိုရောင်းဝယ်မှုတားဆီးရေးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ဖွဲ့စည်း

**ဂျကာတာ အောက်တိုဘာ ၁၃**

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်း ပုစွန်ထုပ်သားပေါက် တရားမဝင် မှောင်ခိုရောင်းဝယ်မှုတားဆီးရေးဆိုင်ရာ အထူးလုပ်ငန်း အဖွဲ့တစ်ဖွဲ့အား အောက်တိုဘာ ၁၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ချက်သည် နိုင်ငံ၏ အဏ္ဏဝါသယံဇာတများအား ကာကွယ်ရေးနှင့် ပြည်တွင်းရေထွက်ကုန်လုပ်ငန်းအား အထောက်အကူပြုရေးဆောင်ရွက်ချက်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။



**ပြောကြား**

အင်ဒိုနီးရှားနိုင်ငံတွင် နှစ်စဉ်ပုစွန်ထုပ်သားပေါက်အရေအတွက်သည် သန်း ၅၀၀ ခန့်ရှိကြောင်း အဏ္ဏဝါရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီး ဆတ်တီဝါယူးထရန်ဂိုနိုက ပြောကြားသည်။ စနစ်တကျဖွဲ့စည်းထားသည့် ပုစွန်ထုပ်သားပေါက် တရားမဝင် ရောင်းဝယ်ရေး ကွန်ရက်များအား ဖြိုခွင်းရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

စက်တင်ဘာလ ၃ ရက်နေ့အစောပိုင်းက ဂျကာတာရဲတပ်ဖွဲ့သည် တရားမဝင် ပုစွန်ထုပ်သားပေါက်ကောင်ရေ ၁၅၀၀၀၀ ခန့်အား ဖမ်းဆီးရမိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကလေးများ ဆိုရှယ်မီဒီယာသုံးစွဲခွင့် ကန့်သတ်မည်

**မနီလာ အောက်တိုဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်သည် အသက် (၁၃) နှစ်အောက် ကလေးများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့် ကန့်သတ်မည့် ဥပဒေကြမ်းအား အတည်ပြုခဲ့ကြောင်း သိရသည်။

ကလေးသူငယ်များ အွန်လိုင်းသုံးစွဲမှုကန့်သတ်ရေးအတွက် အောက်လွှတ်တော်တွင် အောက်တိုဘာ ၁၂ ရက်က မဲပေးခဲ့ကြသည်။ အထက်လွှတ်တော်ကလည်း ပြီးခဲ့သည့်သီတင်းပတ်အတွင်းက အသက် (၁၈) နှစ်အောက်ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့်ကန့်သတ်သည့်ဥပဒေကြမ်းကို အတည်ပြုခဲ့သည်။ နိုင်ငံအတွင်း ကျောင်းများတွင် ဖွှန်လအတွင်းမှစ၍ ကလေးများက ပစ်ခတ်မှုများ ကျူးလွန်ခဲ့သဖြင့် ယခုကဲ့သို့ ကလေးများအားဆိုရှယ်မီဒီယာသုံးစွဲခွင့်ပိတ်ပင်ရန် လွှတ်တော်ကိုယ်စားလှယ်များက မဲပေးခဲ့ခြင်းဖြစ်သည်။ ဩဂုတ်လအတွင်းကလည်း ကျောင်းသားတစ်ဦးသည် ၎င်း၏အတန်းဖော်အား ပစ်ခတ်သတ်ဖြတ်မှုကျူးလွန်ခြင်းကို ရုပ်သံဖိုင်ဖြင့် ထုတ်လွှင့်ပြသခဲ့သည်။

ယင်းဥပဒေဆိုင်ရာ နောက်ဆုံးမူကြမ်းတစ်ရပ်ကို သမ္မတထံတင်ပြ၍ အတည်ပြုချက်ရယူနိုင်ရေးအတွက် လွှတ်တော်နှစ်ရပ် ပေါင်းစပ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက် ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၉၂ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ၆ ထပ် အဆောက်အအုံတစ်လုံးအားလည်း ယမ်းပြင်ယမ်းကပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံများကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှု။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက်နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **၁၀၀**

# နောင်ချိုမြို့၌ ငွေကျပ် ၂၂၂ သိန်းတန်ဖိုး၊ ကျိုင်းတုံမြို့နယ်၌ ငွေကျပ် သိန်း ၄၀ တန်ဖိုးနှင့် တာချီလိတ်မြို့နယ်၌ ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

နောင်ချိုမြို့၌ ငွေကျပ် ၂၂၂ သိန်းတန်ဖိုး၊ ကျိုင်းတုံမြို့နယ်၌ ငွေကျပ် သိန်း ၄၀ တန်ဖိုးနှင့် တာချီလိတ်မြို့နယ်၌ ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိတရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နောင်ချိုမြို့ ပါဟတ်ရပ်ကွက်အနီးတွင် သီပေါမြို့နယ် ဆောင်ကြဲရွာနေသူများဖြစ်သည့် မျိုးမြင့်(၄၃)နှစ် မောင်းနှင်ပြီး မနီလာဝင်း (၄၂)နှစ် လိုက်ပါလာသော HONDA CLICK အမျိုးအစားဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သို့ဝှက်၍ ၎င်းတို့ နှစ်ဦး သယ်ဆောင်လာသည့် ဘိန်းဖြူ ၁၁၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၂ သိန်း)နှင့် စိတ်ကြွဆေးပြား ၄၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၀၀)တို့ကို သိမ်းဆည်းရမိသဖြင့် မျိုးမြင့်နှင့် မနီလာဝင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၁၂ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ ကျိုင်းတုံမြို့နယ် ယန်းကျောက်ရွာအနီး ယန်းကျောက်ရွာနှင့် ကောင်းကျန့်ရွာသွားလမ်းတွင် လမ်းလျှောက်လာသူ ကျိုင်းတုံမြို့နယ် ကောင်းကျန့်ရွာနေ ပေါလု(၂၈)နှစ်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၀)ကို သိမ်းဆည်းရမိသဖြင့် ပေါလုအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ မျိုးမြင့်နှင့် မနီလာဝင်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ အောက်တိုဘာ ၁၂ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့နယ် ဟိုနား(မဟင်လုံ)ရွာနေ မမီဖာ(၄၇)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား ၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၄ သိန်း)ကို သိမ်းဆည်းရမိသဖြင့် မမီဖာအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

**❄ အာရှအမျိုးသမီးမှ**

စာချုပ်သက်တမ်း ကုန်ဆုံးသွားသဖြင့် ရောဝတီအသင်းအနေဖြင့် ကစားသမားသစ်များ ခေါ်ယူအားဖြည့်နေခြင်းဖြစ်သည်။ ရောဝတီအသင်းသည် ဂျပန်နောက်ခံလူ အီဝါရှီတနှင့် ဂျပန်ကွင်းလယ်ကစားသမား မီယာမိုတိုတို့နှစ်ဦးကို ခေါ်ယူထားခြင်းဖြစ်သည်။ မီယာမိုတိုသည် တက္ကသိုလ်အဆင့်ပြိုင်ပွဲများတွင် စတင်ယှဉ်ပြိုင်ခဲ့ရာမှတစ်ဆင့် ဂျပန်ထိပ်သီး အမျိုးသမီးကလပ် အယ်ဗီရက်စ်နီဂါတာအသင်းတွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဖြတ်သန်းကာ ရောဝတီအသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံလူ အီဝါရှီတမှာမူ ဂျပန်အမျိုးသမီးကလပ် နာဂါနိုအသင်းတွင် ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဖြတ်သန်းခဲ့ပြီး ယခုနှစ်လယ်ပိုင်းတွင် ထိုင်းကလပ် BGC-CAS အသင်းတွင် ပါဝင်ကစားခဲ့ကာ ရောဝတီအသင်းသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ဒုတိယအကျော့ကို အောက်တိုဘာ ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲများကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - AWFC**

**✣ (၅)ကြိမ်မြောက်မှ**

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့အား မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်ကျော်ဦး ဦးဆောင်ကာ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(၅)ကြိမ်မြောက် အာရှမသန်စွမ်း အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၈ နည်းမှ ပြိုင်ပွဲအမျိုးအစားပေါင်း ၄၉၀ ကျော် ပါဝင်ပြီး အာရှဒေသတွင်း ၄၅ နိုင်ငံမှ အားကစားသမား ၃၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **အာကာ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mi Pauk” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကိုင်းကြီးကျေးရွာနေ အခြေခံပညာမူလတန်းကျောင်း(ရှားစီးဘိုကျေးရွာ)မှ လက်ထောက်မူလတန်းပြဆရာမ နှင်းဝတ်ရည်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် အုတ်ဖိုမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**◆ ကိုဗင်ထရီအသင်းမှ**

ပထမဆုံး အိမ်ကွင်း နိုင်ပွဲစတင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ကိုဗင်ထရီအသင်းဟာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၆)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ခြောက်မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၁၄)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းကတော့ ကိုဗင်ထရီအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ်(၆)အပြီးမှာ ရမှတ် ရှစ်မှတ်စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁၁)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိလျှော့ကျမှုအား ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ပုသိမ် အောက်တိုဘာ ၁၃

မမြရေလှောင်တမံ မြေသားတာပေါင်နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများအား ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြန်အောင်မြို့နယ် ဆီခြံကုန်းကျေးရွာ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ကာကွယ်ထိန်းသိမ်းမှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေကိုရှင်းလင်းပြောကြားပြီး နေထိုင်စားသောက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာ၊ ဝက်ပါကျေးရွာ၊ ညောင်ခုံကျေးရွာတို့မှ ကြိုတင်ရွှေ့ပြောင်းရသည့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် ရေဝင်ရောက်နိုင်သည့်အတွက်ကြိုတင်ရွှေ့ပြောင်းရသည့် မျှင်ဝါးတောင်ကျေးရွာမှ ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေထိန်းမျှော်စင်သို့သွားရောက်၍ မူလနိမ့်မြင့်မှတ်ရေအမှတ် ၃၁၅ ပေ မှ ၃၁၀ ဒသမ ၃ ပေသို့ စုစုပေါင်း ၄ ဒသမ ၇ပေ တမံရေလျှော့ကျမှု အခြေအနေ၊ တမံရေ အမြန်ဆုံးလျှော့ချနိုင်ရေးအတွက် တမံရေထုတ်ပြွန်မှ ၄၀၀ ကုဗပေ/စက္ကန့် ရေလျှော့ချမှု အခြေအနေ၊ တမံအောက်ပိုင်း အိလျှော့ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေ ဆင်ခြေလျှော၏ အပြင်ဘက်မှ မြေသားတမံပုံစံ တမံအောက်ခြေ ထောက်ခြင်းကို မြေတူးစက်လေးစီး၊ မြေထိုးစက်သုံးစီး၊ မြေသယ်ယာဉ် ခုနစ်စီးတို့ဖြင့် ဆောင်ရွက်နေမှုအခြေအနေ၊ မြေသားတမံပုံစံ၏ နောက်ဘက်တွင် ရေစစ်ကျောက်ရိုး (Rock Toe)ကို အလျားပေ ၅၅၀၊ အောက်ခြေပျမ်းမျှ အကျယ် ၂၆ ပေ၊ ထိပ်ဝအကျယ်ခြောက်ပေ၊ ပျမ်းမျှအမြင့် ၁၀ ပေ ထည့်သွင်းတည်ဆောက်ရန် အတွက် တည်ဆောက်ရေး လုပ်ငန်းများအား စက်အင်အား၊ လူအင်အားများဖြင့် ဆောင်ရွက်နေမှု အခြေအနေ၊ အရေးပေါ်ရေပိုလွှဲအား မူလနိမ့်မြင့်မှတ် ရေအမှတ် ပေ ၃၂၀ မှ ၃၀၅ ပေသို့ မြေတူးစက်နှစ်စီးဖြင့် နှိမ့်ချ၍ ၅၀၀ ကုဗပေ/စက္ကန့် ထပ်မံလျှော့ချလျက်ရှိသဖြင့် စုစုပေါင်း ၉၀၀ ကုဗပေ/စက္ကန့် လျှော့ချဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ မမြရေလှောင်တမံရှိ တမံအောက်ပိုင်း အိလျှော့ကျမှု ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် တမံရေအမြန်ဆုံးလျှော့ချနိုင်ရေး လုပ်ငန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ကျွမ်းကျင်ပညာရှင်များ၊ စက်ယန္တရားများ၊ လူအင်အားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သာကေတမြို့နယ်၌ အပူရှောင်စခန်းများနှင့် ရေစုကန်များဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ အယ်လ်နီညို ကြိုတင်ပြင်ဆင်မှုအနေဖြင့် အပူရှောင်စခန်းများ၊ ရေစုကန်များ ဆောင်ရွက်ထားရှိမှုကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိသူများက အပူရှောင်စခန်းများတွင် ထိခိုက်လွယ်အုပ်စုဝင်များအား သက်သာစွာ နေထိုင်နိုင်ရေး ခင်းကျင်းမှုများ၊ လေဝင်လေထွက် ကောင်းမွန်စေရေးအတွက် အဲကွန်း၊ ပန်ကာ တပ်ဆင်ထားရှိသည့် အခြေအနေများ၊ ရေသန့်၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ အချိုရည်၊ ဓာတ်ဆားထုပ်၊ ဆေးဝါးစသည့် ပစ္စည်းများ စုဆောင်းထားသည့် အခြေအနေများ၊ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး၊ အရေးပေါ်ရေလိုအပ်ချက် ရရှိရေးအတွက် သောက်သုံးရေစုကန်နေရာများ၊ မီးသတ်ရေငုတ်များနှင့် အိမ်သာများ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

သာကေတမြို့နယ်တွင် အယ်လ်နီညို ကြိုတင်ပြင်ဆင်မှုအနေဖြင့် အပူရှောင်စခန်း ၁၉ ခု ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



# မိတ္ထီလာမြို့၌ လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှု လက်မှတ်ရသင်တန်းဖွင့်

မိတ္ထီလာ အောက်တိုဘာ ၁၃

မိတ္ထီလာမြို့၌ စက်မှုလယ်ယာဦးစီးဌာန ဗဟိုသင်တန်းကျောင်းတွင် လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုလက်မှတ်ရသင်တန်း အမှတ်စဉ် (၅)သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဝင်းက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၂ ရက်မှ ၂၀၂၇ ခုနှစ် စက်တင်ဘာ ၂၄ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၃**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိမမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ် ရေပိုလွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည် ပြုပြင်ခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျ နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေ ဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာ တောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တယားများ အသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၃ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၁၀ ဒသမ ၃၅ ပေသာ ကျန်ရှိတော့သဖြင့် ၄ ဒသမ ၆၅ ပေခန့် လျှော့နည်းသွားကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များမှ ကြိုတင်ကာကွယ်သောအားဖြင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးကြီးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းက မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးကော်မတီပူးပေါင်းအဖွဲ့များက လက်တွေ့သရုပ်ပြ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



# ဦးတည်ချက်လေးရပ်နှင့်အညီ မြိုင်ဆိုင်စွာကျင်းပတော့မည့် မြန်မာ့ရိုးရာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး ....

ရန်ကင်း ကိုကိုလေး

နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို (၂၇)ကြိမ်မြောက်အဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှ စတင်ကျင်းပတော့မည်ဖြစ်သည်။




ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးသို့ နိုင်ငံတစ်ဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများ သိုက်မြိုက်စည်ကား၊ ပျော်ရွှင်စည်းလုံးစွာ ပါဝင်ယှဉ်ပြိုင်ကြတော့မည်။ အရောင်အသွေးစုံလင်၊ အသွင်ဆန်းပြား တိုင်းရင်းသားရိုးရာဝတ်စုံများဖြင့် နှစ်လိုချစ်ဖွယ် အပြုံးလှိုင်လှိုင်ကြွယ်သည့် မိသားစု ဆွေမျိုးသားချင်းတို့ ဆုံတွေ့ကြရမည့် ယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်လည်းဖြစ်ပါသည်။

ဤမည်သော မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးကို နိုင်ငံတော်အဆင့် ကျင်းပပေးခဲ့ရာတွင် ဦးထိပ်ပန်ဆင်အပ်သော ဦးတည်ချက်လေးရပ်ကို ချမှတ်ပေးထားသည်။ ထိုဦးတည်ချက်လေးရပ်မှာ –

(က) **အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။** ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုပေါင်း တစ်ရာကျော် မှီတင်းနေထိုင်နေသည်နှင့် အညီ တိုင်းရင်းသားလူမျိုးများ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ရိုးရာယဉ်ကျေးမှုကိုမှီတည်ပြီး ရိုးရာဂီတ အနုပညာရပ်များမတူကွဲပြားကြသည်။ ထိုမတူကွဲပြားသောယဉ်ကျေးမှုအမွေအနှစ်များကို အမြဲရှင်သန်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် စုစည်း၍ ယဉ်ကျေးမှုအနုသုခုမဟူသော ခေါင်းစဉ်အောက်တွင် ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ မပျောက်ပျက်အောင် ကြိုးပမ်းဖော်ထုတ်ရမည်ဖြစ်ပြီး ဆက်လက်ပြန့်ပွားအောင်လည်း ယနေ့မျိုးဆက်သစ်လူငယ်များက ထိန်းသိမ်းမြှင့်တင်ပေးရမည်ဖြစ်ပါသည်။

(ခ) **အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး။** မြန်မာနိုင်ငံသည် အမျိုးသားယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံဖြစ်ကြောင်းကို ယနေ့ကာလအထိ ရှင်သန်နေဆဲဖြစ်သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အနုသုခုမပညာရပ်များက သက်သေပြလျက်ရှိပါသည်။ ယဉ်ကျေးမှုမြင့်မားခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းမြင့်မားမှုကို ညွှန်းဆိုပြသနေခြင်းဖြစ်သည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်များ ဆုံးရှုံးပျောက်ကွယ်သွားပါက လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ အနှစ်သာရပါ ပျောက်ဆုံးသွားမည်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်ပါသည်။ အမျိုးသားယဉ်ကျေးမှုမြင့်မားခြင်းသည် နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းမြင့်မားခြင်းဖြစ်သည်။

ယနေ့ခေတ်လူငယ်များသည် တိုင်းတစ်ပါးမှ မီဒီယာအင်အားဖြင့် ထိုးဖောက်ဝင်ရောက်လာသော အဆို၊ အက၊ အရေး၊ အတီးမျိုးစုံကို အမြင်၊ အတွေ့များလာခြင်း၊ သီဆိုကခုန် တီးမှုတ်ရလွယ်ကူခြင်းတို့ကိုအကြောင်းပြုကာ အပျော်ဖက်လာကြခြင်းကို ကာကွယ်ရန်အတွက် မိမိတို့၏ရိုးရာယဉ်ကျေးမှု၊ သိမ်မွေ့သော သုခုမပညာရပ်များကို မြတ်နိုးစုံမက်စွာ လေ့လာကာ အမျိုးသားရေးစိတ်ဓာတ် ထက်မြက်ထွန်းကားလာအောင် ကြိုးပမ်းကြရပါမည်။

(ဂ) **မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး။** ယဉ်ကျေးမှုဆိုသည်မှာ လူသားတစ်ဦး သို့မဟုတ် မျိုးနွယ်စုတစ်စု၊ စတင်မွေးဖွားသည်မှ သေဆုံးသည်အထိ ထိတွေ့ရင်ဆိုင် ကြုံတွေ့ဖြတ်သန်းရသောအရာများဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ယနေ့မျိုးဆက်သစ်လူငယ်များ မွေးဖွားကြီးပြင်းရာကာလတွင် နိုင်ငံအသီးသီး၊ လူမျိုးအထွေထွေက အမျိုးမျိုးသော ယဉ်ကျေးမှုဆိုသော အကြောင်းခြင်းရာများကို မီဒီယာနည်းပညာအားအသုံးပြုပြီး လွတ်လပ်ပွင့်လင်းစွာ စီးဆင်းဝင်ရောက်ခွင့်ရနေကြသည်။

ထိုသို့သော အကြောင်းခြင်းရာမျိုးစုံထဲမှ တိုးတက်ဆင့်ပွား အတုယူဖွယ်ရာ များစွာရှိသည်ကိုလည်း တွေ့ရှိရသည်။ ထိုထိုသော အကြောင်းခြင်းရာမျိုးစုံထဲတွင် မြန်မာလူမျိုးများ၏အမြင်နှင့် ဆန့်ကျင်ဖီလာဖြစ်နေသော အရာများကိုလည်း တွေ့ရှိရသည်။

အတုယူစရာများကို မှတ်သားလေ့လာကာ ပယ်ရမည်ကိုလည်း ပယ်ခွာနိုင်ရန်၊ လမ်းမှန်လျှောက်၊ လမ်းမှားကို ဖျောက်ပယ်နိုင်ရအောင် လူငယ်များ လမ်းမှားမလိုက်မိရအောင် မိမိတို့၏ ဓလေ့စရိုက် ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ ရိုးရာအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရန်၊ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ရန်၊ လူငယ်များ၏ စိတ်နှလုံးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို တန်ဖိုးထား၊ နှစ်သက်မြတ်နိုးစိတ်တွင်စွဲမြဲကာ လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်ကြစေရန်အတွက် နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ကျင်းပပေးနေခြင်းဖြစ်ပါသည်။

> **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်က ဦးဆောင်ကျင်းပပေးခြင်းသည် အနိုင်အရှုံး ဆုပေးခြင်းကို ဦးတည်ကျင်းပပေးခြင်းမဟုတ်ဘဲ ရွက်ပုန်းသီးပညာရှင်များ ပေါ်ထွက်လာနိုင်ရန်၊ မျိုးဆက်သစ် အနုပညာရှင်များကို ဖော်ထုတ်ပေးနိုင်စေရန်၊ ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ ဖွံ့ဖြိုးရှင်သန်စေရန်၊ မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ တိုးပွားလာစေရန်၊ နိုင်ငံတော်၏ အမျိုးသားရေး ကိုယ်ခံစွမ်းအားများကို မြှင့်တင်ပေးနိုင်ရန်၊ ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီး စည်းလုံးစွာ ယဉ်ကျေးမှုဖလှယ်ရန်၊ တစ်ဦးနှင့်တစ်ဦး ရိုးရာဓလေ့ယဉ်ကျေးမှုများကို လေးစားရိုသေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ပေးသည့် အရေးကြီးသော အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်ကြီးဖြစ်**

(ဃ) **နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။** မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီကာလကပင် ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုများနှင့် ညီညွတ်စည်းလုံးစွာ နေထိုင်ခဲ့သည့်လူမျိုးများဖြစ်ကြသည်။ မြန်မာတိုင်းရင်းသားများသည် ရှေးဟောင်းယဉ်ကျေးမှု အစဉ်အလာများကို နှစ်ပေါင်းထောင်ချီထိန်းသိမ်းလာခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုယဉ်ကျေးမှုအမွေအနှစ်များစွာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များက မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသော အဖိုးတန်ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။

ယနေ့ခေတ်၊ ယနေ့ကာလတွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုကူးလူးယှက်နွယ်ဖလှယ်မှုများ အရှိန်အဟုန်မြင့်လာသည်နှင့်အမျှ မိမိတို့၏ မူရင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ဖော်ထုတ်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် မျိုးဆက်သစ်လူငယ်များ စိတ်ပါဝင်စားလာကာ လက်ဆင့်ကမ်း လွှဲပြောင်းပေးအပ်ရမည်ဖြစ်ပါသည်။

မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များသည် နှစ်လိုဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ အမွေအနှစ်များစွာထဲတွင် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များက မြန်မာလူမျိုးများ၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးသိမ်မွေ့ခြင်းစသော လူနေမှုဘဝများကို ဖော်ပြနေသည့် အဖိုးတန်အမွေအနှစ်များ ဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်က ဦးဆောင်ကျင်းပပေးခြင်းသည် အနိုင်အရှုံးဆုပေးခြင်းကို ဦးတည်ကျင်းပပေးခြင်းမဟုတ်ဘဲ ရွက်ပုန်းသီးပညာရှင်များ ပေါ်ထွက်လာနိုင်ရန်၊ မျိုးဆက်သစ်အနုပညာရှင်များကို ဖော်ထုတ်ပေးနိုင်စေရန်၊ ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ ဖွံ့ဖြိုးရှင်သန်စေရန်၊ မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ တိုးပွားလာစေရန်၊ နိုင်ငံတော်၏ အမျိုးသားရေးကိုယ်ခံစွမ်းအားများကို မြှင့်တင်ပေးနိုင်ရန်၊ ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးစည်းလုံးစွာ ယဉ်ကျေးမှုဖလှယ်ရန်၊ တစ်ဦးနှင့်တစ်ဦး ရိုးရာဓလေ့ယဉ်ကျေးမှုများကို လေးစားရိုသေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ပေးသည့် အရေးကြီးသော အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်ကြီးဖြစ်ပါသည်။

ဤ ဆို၊ က၊ ရေး၊ တီး ပွဲတော်ကြီး၌ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားယဉ်ကျေးမှုများကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ဖော်ထုတ်ပြသနိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်မှု၊ မြန်မာ့ယဉ်ကျေးမှုဂုဏ်သိက္ခာနှင့် မြန်မာ့သုခုမအနုပညာ အစဉ်အလာများကို ပိုမိုထင်ဟပ်လာနိုင်စေရန် တိုင်းဒေသကြီး၊ ပြည်နယ် ဒေသအသီးသီးမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများက စွမ်းစွမ်းတမံ စိတ်ရင်းစေတနာအပြည့်ဖြင့် ပါဝင်ဆင်နွှဲပြိုင်ပွဲဝင်ကြတော့မည်ကို ဝမ်းမြောက်ကြည်သာလှိုက်လှဲကြိုဆိုအပ်ပါသည်။ ။

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၃**

အားကစားရေးရာ ဝန်ကြီးဌာနကကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုင်းထွန်းညို၊ ဦးနေမျိုးလှိုင်၊ ဒေါက်တာနေခြည်လွဲ့လွဲ့သိန်း၊ ဦးလင်းအောင်၊ ဦးသိုက်စိုး၊ ဦးခင်လတ်ကြီး၊ ဒေါက်တာသောင်းနိုင်ဦး၊ ဦးမျိုးကျော်သူ၊ ဦးမျိုးမြင့်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများအလိုက် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အစီအစဉ်အရ ပြိုင်ပွဲဝင် အားကစားသမားများ ကွင်းအတွင်း နေရာယူကြပြီး အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားကာ "၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ" ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲတွင်ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၅ သိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ဒုတိယဝန်ကြီးများနှင့်အတူ ပြေးခုန်ပစ်အားကစားသမားများ၏ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊တတိယဆုရရှိသူများအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်ကလည်းကောင်း၊ အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညိုက လည်းကောင်း၊ အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက လည်းကောင်း၊ အမျိုးသား မီတာ ၁၀၀၀၀ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ ကျင်းပပြုလုပ်ခဲ့သည့် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ အမျိုးသား မီတာ (၄၀၀) ဗိုလ်လုပွဲ ပွဲစဉ်တွင် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ၏ စံချိန်သစ်ကို အောင်မြင်စွာတင်နိုင်ခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမား ဟိန်းထက်အောင်သည် 48.01 စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည့်အတွက် အားကစားသမားနှင့် နည်းပြတို့အား တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်နှင့် မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ စံချိန်သည် ၁၉၈၉ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အားကစားသမား ထွန်းဝင်းသိန်း တင်ခဲ့သည့် 48.50 စက္ကန့် စံချိန်ဟောင်းကို 0.49 စက္ကန့်ဖြင့် ကျော်လွန်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၃၇ နှစ်ကြာ တည်ရှိခဲ့သည့် စံချိန်ဟောင်းကို ချိုးဖျက်နိုင်ခဲ့ခြင်းဖြစ်သည့်အပြင် ၁၉၉၁ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အားကစားသမား ဒွေးဝင်းတင်ခဲ့သည့် အမျိုးသား မီတာ (၄၀၀) စံချိန် 48.63 စက္ကန့်ထက်လည်း ပိုမိုကောင်းမွန်သော စံချိန်ဖြင့် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဒွေးဝင်း၏ စံချိန်မှာ Electronic Timing (ET) စနစ်ဖြင့် မှတ်တမ်း တင်ထားခြင်းဖြစ်ပြီး ဟိန်းထက်အောင်၏ ယခုစံချိန်မှာ Hand Timing (HT) စနစ်ဖြင့် မှတ်တမ်း တင်ထားခြင်းဖြစ်သဖြင့် အချိန်တိုင်းတာမှုစနစ် ကွဲပြားခြားနားမှုကို ထည့်သွင်းစဉ်းစား၍ စံချိန်နှစ်ရပ်စလုံးကို သီးခြားမှတ်တမ်းများအဖြစ် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ အသိအမှတ်ပြု ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အားကစားရေးရာ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ် ပြေးခုန်ပစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ် အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရည်ရွယ်၍ "၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ" ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ပြိုင်ပွဲကာလ လေးရက်ကြာဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် စုစုပေါင်းအင်အား ၄၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



**နေပြည်တော် အောက်တိုဘာ ၁၃**

တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊(၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊ လေ)တိုက်ကွမ်ဒို ပြိုင်ပွဲတွင် အဆင့်အလိုက် ဖယ်သာဝိတ်တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ မစ်ဒယ်ဝိတ်တန်းဗိုလ်လုပွဲ ပွဲစဉ်များ၊ ဟဲဗီးဝိတ်တန်း ဗိုလ်လုပွဲ ပွဲစဉ်များကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများကို တပ်မတော်တိုက်ကွမ်ဒိုကော်မတီမှတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး တတိယနေရာလုပွဲ ပွဲစဉ်များကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(B)၌ ယှဉ်ပြိုင်ကစားကြရာ အမျိုးသားပွဲစဉ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး ပွဲစဉ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ၃ ပွဲ၊ ၂ ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး တတိယနေရာများရရှိသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ၊ အမျိုးသားဗန်တို အတိုက်(ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက် (ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသားဓားနှစ်လက် အတိုက် (ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်များကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို တပ်မတော်မြန်မာ့သိုင်းကော်မတီမှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲတွင် ကီလိုတန်းအလိုက် လူသစ်တန်း၊ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်နယ်အားကစားခန်းမ၌ ယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၆၃)ကြိမ်မြောက် အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြုလုပ်ရာ တတိယနေရာလုပွဲ ပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲ ပထမပိုင်းတွင် နှစ်သင်းလုံးသည် တတိယနေရာသို့ တက်ရောက်လာကြသောအသင်းများ ဖြစ်သည့်အလျောက် တစ်ဖက်နှင့်တစ်ဖက် ဂိုးမပေးရရေးအတွက် အကြိတ်အနယ် ကစားခဲ့ကြပြီး ပွဲကစားချိန် ၁၀ မိနစ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းမှ ကျောနံပါတ် ၇ ကဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းအနေဖြင့်လည်း ချေပဂိုး ပြန်လည်သွင်းယူနိုင်ရေးအတွက် ထိုးဖောက် တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲကစားချိန် ၁၂ မိနစ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းမှ ကျောနံပါတ် ၉ က ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကြောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် အသင်းကလည်း အနိုင်ဂိုးပြန်လည်ရရှိနိုင်ရေးအတွက် ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲကစားချိန် ၂၁ မိနစ်တွင် ဒုတိယဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို နှစ်ဂိုး-တစ်ဂိုး ရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းလုံး အားအင်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ နေပြည်တော် တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းဘက်ကို ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ကစားခဲ့ပြီး ဒုတိယပိုင်း မိနစ် ၆၀ တွင်လည်းကောင်း၊ ၇၆ မိနစ်တွင်လည်းကောင်း၊ ၈၄ မိနစ်တွင် လည်းကောင်း၊ ဒုတိယပိုင်းပြီးဆုံးခါနီး မိနစ် ၉၀ တွင် လည်းကောင်း ဂိုးများ ဆက်တိုက် ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ဒုတိယပိုင်းပြီးဆုံးချိန်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ၆ ဂိုး-၁ ဂိုး ရလဒ်ဖြင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက တတိယရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောင်းကုန်းမြို့၌ အခြေခံပန်းအလှနှင့် ပန်းကြယ်သီးထိုးနည်း သင်တန်းဖွင့်

ကျောင်းကုန်း အောက်တိုဘာ ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံပန်းအလှနှင့် ပန်းကြယ်သီး ထိုးနည်းသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက်က အဆိုပါ ကျေးလက်ရုံး၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့် ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူးတို့က အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်ကျောင်း ဒုတိယကျောင်းအုပ်က သင်ကြား ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ အောက်တိုဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## သုံးခွမြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးပေး

သုံးခွ အောက်တိုဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲက တောင်သူများအား ၂၀၂၆ ခုနှစ် သီးထပ် ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့နံနက်ပိုင်းက ချေးငွေပြေကျေသူများ အား စတင်ထုတ်ချေးပေးသည်။

ဦးစွာ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ခေတ္တမန်နေဂျာ ဦးအောင်မိုးထက်က ချေးငွေထုတ်ချေးပေးရ သည့် ရည်ရွယ်ချက်နှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရ မည့် စည်းမျဉ်း၊ စည်းကမ်းချက်များကို တောင်သူများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟေမဇလာကျေးရွာ၊ ထွန်းစိန်ကျေးရွာ၊ အောင်သာဒါန်းကျေးရွာတို့မှ တောင်သူ ၁၀၄ ဦးတို့အား တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် ၈၄၈ ဧကအတွက် ငွေကျပ်သိန်း ၂၁၂၀ ကို ထုတ်ချေးပေးခဲ့ သည်။

သုံးခွမြို့နယ်၌ ၂၀၂၆ ခုနှစ် ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုး စရိတ်ချေးငွေများကို မြို့မနှင့် ကျေးရွာအုပ်စု ၆၄ အုပ်စုမှ တောင်သူပေါင်း ၁၀၄၈၂ ဦးအား စိုက်ဧက ၇၅၂၄၈ ဧက အတွက် ချေးငွေကျပ် သိန်း ၁၈၈၁၂၀ ထုတ်ချေးရန် လျာထား ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)



## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၆-၁၀-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် စတီရီယိုခေတ်ပေါ်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာန အဆိုရှင်များ စုပေါင်း၍ "သီတင်းကျွတ်ညလေးတစ်ည" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့် မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၆-၁၀-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "သီတင်းကျွတ်ညလေးတစ်ည" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
| --- | --- | --- |
| ၁။ | ရင်ခုန်ရလွန်းလို့ | တူယှဉ်တွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | ပျော်ပါစေ | တူယှဉ်တွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၃။ | လက်ဆောင် | ဌာနအဆိုရှင် |
| ၄။ | ချစ်ခွင့်ရချင်ပြီ | ပြင်ပအဆိုရှင် |
| ၅။ | လူပျိုလှည့်တေး | ပြင်ပအဆိုရှင် |
| ၆။ | သီတင်းကျွတ်ညလေးတစ်ည | ပြင်ပအဆိုရှင် |
| ၇။ | မိုးပြေး | ပြင်ပအဆိုရှင် |
| ၈။ | ဒါပေမယ့်.....ချစ်တယ် | ပြင်ပအဆိုရှင် |
| ၉။ | ကိုကိုယောကျ်ားမဟုတ်ဘူး | ပြင်ပအဆိုရှင် |
| ၁၀။ | အသည်းနှတော့ကြောက်တာပေါ့ | ပြင်ပအဆိုရှင် |


### အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အထက(ခွဲ)ကြီးအင်း Grade-4 တွင် တက်ရောက်နေသော ဦးနေလင်းထိုက်[၉/တကန(နိုင်)၁၅၄၆၅၃]၏ သမီး အမည်မှန် မလင်းလက်ဇင်ဖြိုး ဖြစ်ပါကြောင်း။

မလင်းလက်ဇင်ဖြိုး

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးချစ်ကိုကိုလွင်၏ Custom Braker Card (အဝါကတ်) ID No. 510802 သည် (4-10-2026) ရက်နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း - 09-420125082

### တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ မှော်ဘီမြို့နယ်၊ HOPE ကိုယ်ပိုင်အထက်တန်း ကျောင်း၊Grade-12 မှ မောင်ဇော်ဂွန်းအောင်၏ဖခင် ဦးအေးနိုင်(ခ)ဦးနော်အောင် (၁/မကန(နိုင်)၀၄၃၃၆၀)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအေးနိုင်(ခ)ဦးနော်အောင်


## ကော့မှူးမြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ကော့မှူး အောက်တိုဘာ ၁၃

တွံတေးခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှင့် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်းကျင်းပသော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ ပေးဟောပြောပွဲကို ယနေ့နံနက် ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျိုက်ထော်(တောင်)ကျေးရွာ အခြေခံပညာ



အထက်တန်းကျောင်း၌ ကျင်းပ သည်။

ဦးစွာ တွံတေးခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး က ဟောပြောပွဲများ ဆောင်ရွက် ပေးခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ ကျိုက်ထော် နယ်မြေရဲစခန်းမှ ရဲအုပ် မင်းမင်းလတ်က လူကုန်ကူးခံရ နိုင်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ ပြောကြားခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)



## ကျိုက်ထိုမြို့နယ်၌ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများ၏ စိုက်ပျိုးထုတ်လုပ်နေမှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ကျိုက်ထို အောက်တိုဘာ ၁၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများ၏ စိုက်ပျိုးထုတ်လုပ်နေမှုကို အောက်တိုဘာ ၁၁ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမ ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ၏ အမှုဆောင်များအား သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စုမြတ်လယ်/ထွေ သမဝါယမအသင်း သားများ၏ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ကွင်းဆင်း ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



## ရန်ကင်းမြို့မဈေး မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရန်ကင်း အောက်တိုဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရန်ကင်းမြို့နယ် အမှတ် (၅) ရပ်ကွက် ရန်ငြိမ်းလမ်းရှိ ရန်ကင်းမြို့မဈေးတွင် အောက်တိုဘာ ၁၀ ရက်က မီးဘေး လုံခြုံရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုကို မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဈေးအတွင်းမီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အခြေအနေများ၊ လျှပ်စစ်မီး အသုံးပြုမှုနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို စစ်ဆေးကာ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာဌာနများ အနေဖြင့် လိုအပ်သည့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေး ပူးပေါင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ အောက်တိုဘာ ၉ ရက်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် အကြို အခြေခံသင်တန်း(၂/၂၀၂၆)ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီး မီးသတ် ဦးစီးမှူး ဦးအောင်ဆွေဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် များကို ရှင်းလင်းပြောကြားစဉ်။

ကျော်ဟိန်း(ပြန်/ဆက်)



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတလမ်း၊ အမှတ်(၄၂၃/က) ဟုခေါ်တွင်သော (၁)ခန်းတည်း (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅)လွှာတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ရောင်းသူ ဒေါ်ဝင်းသီရိမွန် [၁၂/လမတ(နိုင်) ၀၃၅၃၈၇] ၎င်း၏ ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၈၄၁/၂၀၂၆) အရ ဦးဝင်းအောင်မြင့် [၁၂/လမတ(နိုင်) ၀၂၁၀၆၅]မှ ပိုင်ဆိုင်ကြောင်း၊ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်ထွန်း LL.B, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၅၀၂)**
**အမှတ်(၉၆/၉၈)၊ အခန်း(၅/ဘီ)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၅၉၁၈၁**

## “ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၁-ရပ်ကွက်၊ (၂)လမ်းသွယ်(၁)လမ်း၊ တိုက်အမှတ်(၄၂)၊ (၁)ခန်းတွဲ(၅)ထပ်တိုက်၏ ဒုတိယထပ် (၄လွှာ/Hall)၊ အကျယ်အဝန်း (၁၇ x ၅၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်”

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းသည် ဒေါ်ဝင်းဝင်းမော်[၁၂/လမန(နိုင်)၀၅၂၈၃၄]မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း၊ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ၁။ ဒေါ်သီတာ[၁၄/မမန(နိုင်)၁၀၈၉၀၄] ၂။ ဒေါ်အိမိုဖွေး [၁၄/မမန(နိုင်)၁၈၈၅၁၅]တို့မှ (၁၁-၁၀-၂၀၂၆)ရက်စွဲဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာနှင့် ဒေါ်အိမိုဖွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ဒေါ်နှင်းနှင်းဖွေး [၁၃/ရစန(နိုင်) ၀၅၁၇၅၃]** ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စံပယ် (၁)လမ်း၊ အမှတ် (၉/အေ) ခေါ်တွင်သည့် (၂)ခန်းတွဲ (၃½)ထပ်တိုက်၏ မြေညီထပ် (ခေါင်းရင်းခြမ်း) အကျယ်အဝန်း (၁၂ပေx ၄၅ပေ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးဇော်ဝင်း [၉/ရမသ (နိုင်) ၀၅၇၅၇၈]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးချမ်းဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၀၉၄)**
**အမှတ်(၁၄)၊ ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။ ဖုန်း- ၀၉- ၄၄၃၇၃၉၈၀၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ဦးမြင့်သိန်း [၁၂/သဃက(နိုင် )၀၃၈၀၇၄] နှင့်ဒေါ်မြင့်မြင့်ရီ [၁၂/စခန(နိုင်) ၀၃၀၄၅၃]** ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန် (၇)လမ်း၊ အမှတ်(၁၁)ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ပထမထပ် (ဝဲဘက်ခြမ်း) အကျယ်အဝန်း (၁၂½ပေx၅၀ပေ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးရဲဝင့်နိုင် [၁၄/ဇလန(နိုင်) ၀၈၄၂၂၄]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးချမ်းဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၀၉၄)**
**အမှတ်(၁၄)၊ ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။ ဖုန်း- ၀၉- ၄၄၃၇၃၉၈၀၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်- ၇၄၆၊ ဦးပိုင်အမှတ်- ၃၇-ခ၊ ၃၀Aလမ်း၊ ၇၁x၇၂ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးဘသော်၊ ဒေါ်ကြည်ကြည်လေးတို့အနက် ခင်ပွန်း ဦးဘသော် ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်ကြည်ကြည်လေး(ခ) ဒေါ်ကြည်အို [၉/မရမ(နိုင်)၀၅၀၄၆၁]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုခမ္မာ(၄)လမ်း၊ အမှတ် (၁၀၇၆)ရှိ အလျား (၁၈)ပေx အနံ (၅၄)ပေ၊ တတိယထပ် (၄)လွှာတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်နှင်းသက် [၁၂/မရက(နိုင်)၁၃၉၃၁၆]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်လှဝင်း [၁၁/စတန(နိုင်) ၀၇၁၄၅၄]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လှဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၄၈၂)**
**အမှတ်(၁၂၂၄)၊ ရော(၂၂)လမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၃၀၇၃၆၅၉၊ ၀၉-၉၅၃၀၇၃၆၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာ ရပ်ကွက်၊ အရှေ့မင်းလမ်း၊ ကွင်းအမှတ်- ၁၀၃၉/အေ၊ ကွင်းအမည်- သဖန်းပင်ကွင်း၊ ဦးပိုင်အမှတ်- N/၆/က၊ ဒေါ်ဆင်မ(ခ)ဒေါ်သန်းရီ အမည်ပေါက် ပိုင်ဆိုင်သော ဧရိယာ(အလျား ပေ ၅၀ x အနံ ပေ ၃၇၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူများထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်ပိုင်စိုး [၇/ဝမန(နိုင်)၁၅၆၁၇၅]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်အား ပေးချေထားပြီး မိမိအမည်ပေါက် ရရှိအောင်ဆက်လက်ဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါမြေအရောင်းအဝယ် ကိစ္စများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးသက်ပိုင်စိုး** | **ဒေါ်သွယ်သွယ်စိုး (LL.B)** |
| **[၇/ ဝမန(နိုင်)၁၅၆၁၇၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၆၅၉)** |
| | **အမှတ်-၄၄၊ ပထမထပ်၊ ၃၆ လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **၀၉-၄၄၈၀၅၂၂၇၇၊ ၀၉-၇၉၅၉၈၈၂၈၁** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ဦးဇော်ဌေး [၈/မမန(နိုင်) ၁၂၉၉၃၄]နှင့် ဒေါ်ပြုံးကြည် [၈/မမန(နိုင်) ၂၁၁၉၁၁]** ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန် (၇)လမ်း၊ အမှတ်(၁၁)ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(ဝဲဘက်ခြမ်း) အကျယ်အဝန်း (၁၂ပေx ၅၀ပေ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးရဲဝင့်နိုင် [၁၄/ဇလန(နိုင်) ၀၈၄၂၂၄]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးချမ်းဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၀၉၄)**
**အမှတ်(၁၄)၊ ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။ ဖုန်း- ၀၉- ၄၄၃၇၃၉၈၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/ခ)၊ မြေကွက်အမှတ် (၉၂)၊ ဧရိယာ(၀.၁၀၄)ဧက၊ မြေကွက်တည်နေရာ အမှတ်(ဆ/၂၁)၊ ဗန္ဓုလလမ်း၊ ဦးစံဖေရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်တင်တင်သိန်း [၁၂/သဃက(နိုင်) ၀၇၅၂၈၉]၊ ဒေါ်သင်းသင်းရီ[၁၂/သဃက(နိုင်)၀၇၅၆၂၉] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်သိန်း (မိခင်)သည် ၂၆-၁၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သဖြင့် သားဖြစ်သူ ဦးမင်းသူအောင်မှ ဖခင်ဖြစ်သူ ဦးမောင်မောင်စိုးသည် မိခင်ဖြစ်သူ ဒေါ်တင်တင်သိန်းနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြရာမှ စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ကြည့်မြင်တိုင်မြို့နယ်တရားရုံးတွင် ၁၇-၆-၁၉၉၆ ရက်နေ့က နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြောင်း၊ ၎င်းသာလျှင် တစ်ဦးတည်းသော သားတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့် ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်- ၂၃၉၇/၂၀-၂-၂၀၂၆၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သင်းသင်းရီနှင့်ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၀၆)၊ ဦးပိုင်အမှတ်(၃)၊ ၂၆x၂၇ လမ်းကြား၊ ၇၉x၈၀လမ်းကြားရှိ ဦးခ၊ ဒေါ်လှသွင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၉၁၀/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်ကျင်ကျင် [၉/ဝတန(နိုင်)၀၁၀၀၇၆၂]၊ ဒေါ်ရင်ရင် [၉/မရမ(နိုင်)၀၃၉၇၀၂]၊ ဒေါ်လွင်လွင် [၉/မရမ(နိုင်)၀၃၉၇၃၀]၊ ဒေါ်မြတ်သီဂီ [၉/အမရ(နိုင်)၀၅၁၇၁၇ [၎င်း၏ကိုယ်စား မဟာအောင်မြေခရိုင်တရားရုံး၏ တရားမအထွေထွေမှု (၂၇/၂၀၂၆) အရ ဒေါ်မြတ်နေရည်]၊ ဒေါ်မြတ်သီတာ [၉/အမရ(နိုင်) ၀၅၁၇၁၈]၊ ဒေါ်မြတ်ကေသီ [၉/အမရ(နိုင်)၀၅၁၇၁၉]၊ ဒေါ်မြတ်နေရည် [၉/အမရ(နိုင်)၀၉၄၉၈၆]၊ ဒေါ်လှလှမြတ် [၉/အမရ(နိုင်)၀၀၆၅၀၈]၊ ဒေါ်မြတ်စုထွေး [၉/အမရ(နိုင်)၀၉၄၉၈၇]တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ICEC ကိုယ်ပိုင်အထက်တန်းကျောင်း (လှိုင်)၊ Grade-11 မှ မောင်ဝင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဝင်းကြိုင် [၈/ဆပဝ (နိုင်) ၀၄၂၉၀၀] ဖြစ်ပါကြောင်း။

**ဦးဝင်းကြိုင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ သာစည်မြို့နယ် အထက-ဟံဇား၊ Grade-9 မှ မောင်မင်းကိုသန့်၏ ဖခင်အမည်မှန်မှာ ဦးအုံးကြိုင် [၉/သစန (နိုင်) ၀၁၆၃၆၃]ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၊ အကွက်အမှတ် (၅၆၀)၊ ဦးပိုင်အမှတ် (၄၈-ဆ)၊ ၈၄ လမ်း၊ ၃၃x၃၄ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးတော်ဆင့်ဖူး၊ ဦးကျော်ကျော်တို့ (၂)ဦးအနက် ဦးတော်ဆင့်ဖူးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၆၄၉/၂၀၁၅)ဖြင့် လက်ခံခဲ့သူ ဦးကျော်ကျော်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၁၈၇/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှလှ (ခ) ခင်မိမိလွင် [၉/မနတ(နိုင်)၀၅၄၅၀၉]က အမှုတွဲအမှတ် [၀၁၉၄/ဘ(ပြောင်း)/ ၂၀၂၆-၂၀၂၇]ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ်(၂၄)၊ ဦးပိုင်အမှတ် (၁၅/င)၊ ၉ လမ်း၊ ၇၅x၇၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ဝင်းအောင်[၉/မရတ(နိုင်) ၀၇၂၇၀၈]၊ ဒေါ်အေးအေးခိုင် [၉/မရတ(နိုင်) ၀၇၂၇၀၉]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်ကြော်ငြာချက်

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ကွင်းအမှတ် (၁၇၅၆)၊ ကွင်းအမည် (အောင်မင်္ဂလာကွင်း)၊ ဦးပိုင်အမှတ် (၂၆)၊ မြေမျိုးနှင့် အတန်း (အဆောက်အဦမြေ)၊ မြေဧရိယာ (၀.၀၈)ဧကရှိ မြေအား လူနေအိမ် အဆောက်အဦမြေအဖြစ် အသုံးပြုရန်အတွက် နှစ်(၃၀) မြေငှားဂရန် ချထားပေးပါရန် ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ဆရာစံလမ်းနေ ဒေါ်ထားထားလွင် [၁၀/ကထန(နိုင်) ၀၆၁၆၄၂]မှ အောက်ဖော်ပြပါ အလားလေးရပ်အတွင်း လျှောက်ထားမှုဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | အရှေ့ဘက် | = | ဆရာစံလမ်းမြေ (လမ်းမြေ) |
| (ခ) | အနောက်ဘက် | = | ဒေါ်ခင်မေသန်း ခြံမြေ |
| (ဂ) | တောင်ဘက် | = | ဦးရွှေချောင် ခြံမြေ |
| (ဃ) | မြောက်ဘက် | = | စိန်ရတနာလမ်း (လမ်းမြေ) |

၂။ အထက်ပါ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက စာရွက်စာတမ်း အထောက်အထား ခိုင်မာစွာဖြင့်တင်ပြ၍ ယနေ့ ကန့်ကွက်ကြော်ငြာစာ ထုတ်ပြန်ထားရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပြီး တင်ပြလာသည့် ကန့်ကွက်ချက်များအပေါ် လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျိုက်ထိုမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်-အ-၅၊ ဦးပိုင်အမှတ်- ၂၅၊ ၆၈x၆၉ ကြား၊ ၁၁၈x၁၁၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ဇေယျ [၉/မနတ(နိုင်) ၀၁၇၅၇၅]၊ ဒေါ်မြင့်ခိုင် [၅/ရဘန(နိုင်) ၀၃၃၃၆၇]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၉၂၃/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရန်မေဖင် [၁၃/လရန(နိုင်) ၀၆၀၀၈၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

